# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁၆ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၅၅)


**ဒို့တာဝန်အရေး(၃)ပါး**

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဦးဆောင်သောအဖွဲ့

## ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ခြမ်းရှိ ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုအားပေး

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး အလယ်သံကျော်ကျေးရွာ ကယ်ဆယ်ရေးစခန်းရှိ ရွာသူ ရွာသားများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးသည် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းမှ ညနေပိုင်းအထိ ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ခြမ်းရှိ ဖျက်ဆီးခံခဲ့ရသော တိုင်းရင်းသားကျေးရွာ ခုနစ်ရွာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ ၎င်းကျေးရွာအနီးရှိ ဘင်္ဂါလီကျေးရွာများသို့ အခြေအနေမေးမြန်းစုံစမ်းပြီး ဥပဒေအသိပညာပေးခြင်း၊ အလယ်သံကျော် ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသည့် လတ်တလော မတည်ငြိမ်မှုကြောင့် ပြောင်းရွှေ့ရောက်ရှိနေသော ကျေးရွာသူ ကျေးရွာသား ၄၈၄ ဦးအား တွေ့ဆုံ၍ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအမံများကိုပြောကြားပြီး အားပေးစကားပြောကြားခြင်း၊ ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်ရှိ မီးရှို့ဖျက်ဆီးခံရသည့် နေအိမ် ၁၂ လုံးအား ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မီးရှို့ဖျက်ဆီးခံရသော ကျေးရွာ ခုနစ်ရွာမှ အိမ်ခြေ ၃၆၇ လုံးအား ပြန်လည်တည်ဆောက်ပေးနိုင်ရေး၊ ပျက်စီးနေသော ကျန်နေအိမ်များကို နေထိုင်နိုင်အောင် ပြန်လည်ပြုပြင်ပေးနိုင်ရေးနှင့် လုံခြုံရေးတည်ငြိမ်မှုရရှိပါက ရွာသားများ ပြန်လည်အခြေပြု နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးကိစ္စရပ်များကို တာဝန်ရှိသူများအား အသေးစိတ်မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကွင်းဆင်းစစ်ဆေးလေ့လာတွေ့ရှိချက်များအရ ဖျက်ဆီးခံရသော တိုင်းရင်းသားကျေးရွာများ၊ အနီးပတ်ဝန်းကျင်ရှိ ဘင်္ဂါလီကျေးရွာ လေးရွာသို့ သွားရောက်၍ ကျေးရွာသူ ကျေးရွာသားများအား မေးမြန်းစုံစမ်းခြင်း၊ ကျေးရွာများရှိ အစ္စလာမ်ဘာသာရေးခေါင်းဆောင်အချို့နှင့် တွေ့ဆုံ၍ နိုင်ငံတော်မှ ဒေသတွင်း တည်ငြိမ်အေးချမ်းစေရေးအတွက် အရေးပေါ်အခြေအနေကြေညာထားရှိမှုနှင့် ပုဒ်မ(၁၄၄) ထုတ်ပြန်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြား၍ ရန်ကုန်မှ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များ မောင်တောမြို့သို့ ရောက်ရှိစဉ် ဆုံးမသြဝါဒအတိုင်း ဘာသာရေးအဆုံးအမနှင့်အညီ ငြိမ်းချမ်းစွာနေထိုင်ကြရန် အသိပညာပေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အလယ်သံကျော် ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသော စံပြ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံ၍ ၎င်းတို့ တွေ့ကြုံဖြစ်ပျက်ခံစားခဲ့ရသည့် အခြေအနေများနှင့် လက်ရှိကြုံတွေ့နေရသော အခက်အခဲများအား မေးမြန်းကာ လတ်တလော ဖြည့်ဆည်းဆောင်ရွက်ပေးရမည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေးအစီအမံနှင့် စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက် အားပေးစကားပြောကြားရာတွင် အခင်းဖြစ်ပွားရာ ရွာများအားလုံးကို ကြည့်ရှုစစ်ဆေးခဲ့ပြီးဖြစ်ပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော ပြဿနာများအား ဖြေရှင်းပေးရန် ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် စားရေးသောက်ရေး အဆင်ပြေစေရေးဆောင်ရွက်ပေးပြီး ဒုတိယအဆင့်အနေဖြင့် နေအိမ်များ ပြန်လည်ထူထောင်ပေးမည်ဖြစ်ကြောင်း၊ ရေရှည်တွင် လယ်ယာမြေများ *စာမျက်နှာ ၇ ကော်လံ ၅* ■

## မြန်မာ–ဂျပန် ပူးပေါင်းဆောင်ရွက်မှုဖြင့်

## အသေးစား ကမ္ဘာမြေပြင်လေ့လာရေးဂြိုဟ်တု လွှတ်တင်မည်

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် အသေးစား ကမ္ဘာမြေပြင်လေ့လာရေးဂြိုဟ်တု လွှတ်တင်နိုင်ရေးအတွက် ပထမအဆင့်ဖြစ်နိုင်ခြေလေ့လာခြင်း အသိအမှတ်ပြုစာလွှာပေးအပ်ပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁၅**

ဂျပန်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဓာတ်သတ္တုရှာဖွေရေး၊ သစ်တောပြုန်းတီးမှု စောင့်ကြည့်လေ့လာရေး၊ စိုက်ပျိုးမြေများနှင့် စိုက်ခင်းများကြီးထွားမှု ဆန်းစစ်လေ့လာရေးတို့တွင် အသုံးပြုရန် အသေးစား ကမ္ဘာမြေပြင်လေ့လာရေးဂြိုဟ်တု လွှတ်တင်နိုင်ရေးအတွက် ပထမအဆင့် ဖြစ်နိုင်ခြေလေ့လာခြင်း အသိအမှတ်ပြုစာလွှာပေးအပ်ပွဲကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ တော်ဝင်နေပြည်တော် ဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO၊ Marubeni Aerospace Corporation မှ Programs Manager, Mr. Shouchi Satoh၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၅* ❖

**မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ**

ကမ္ဘာ့ရေအနက်ဆုံး ၆၀၅၅ မီတာသို့ တရုတ်ရေငုပ်သင်္ဘော အောင်မြင်စွာ မောင်းနှင်ဆင်းသက်နိုင်ခဲ့ စာ–၄

အာဖဂန်နစ္စတန်မှ စာ–၅ နေတိုးတပ်များ ရုပ်သိမ်းရေး လမ်းကြောင်းပေးရန် ဗဟိုအာရှသုံးနိုင်ငံသဘောတူ

ကမ္ဘာကျော်တိုက်ဂါးဝုဒ် ယူအက်စ်အိုးပင်းဖလား မျှော်မှန်း စာ–၅

စပိန်နှင့် ခရိုအေးရှား ရမှတ်တူရရှိထား စာ–၅



မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၁၆ ရက်)

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းပါ

မိုးဖြိုင်ဖြိုင်ရွာပြီဆိုလျှင် နှစ်စဉ်ဖြစ်ပွားလေ့ရှိသော ရောဂါတစ်မျိုးမှာ သွေးလွန်တုပ်ကွေးရောဂါပင် ဖြစ်၏။ ဤရောဂါသည် ကလေးများတွင် အဖြစ်များသည်။

သေချာစွာ စနစ်တကျမကုသလျှင် အသက်အန္တရာယ်ရှိသည်။ သွေးလွန်တုပ်ကွေးဆို၍ ပေါ့ပေါ့တန်တန် သဘောမထားသင့်ပေ။ နှစ်စဉ်သွေးလွန်တုပ်ကွေးရောဂါကို အချိန်မီထိရောက်စွာ ကုသမှုခံယူခြင်း မရှိ၍ အသက်ဆုံးရှုံးရသူများရှိ၏။

မြန်မာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါသည် ယခင်က မြို့ကြီးများမှာသာ အများဆုံးဖြစ်ပွားခဲ့သော်လည်း ယခုအခါ ကျေးလက်တောရွာများမှာပါ ဖြစ်ပွားလာသည်ကို တွေ့ရသည်။

ယခုကဲ့သို့ ဇွန်၊ ဇူလိုင်လများ၌လည်း မိုးဆက်တိုက်ရွာသွန်းခဲ့သဖြင့် ရေအိုး၊ ရေခွက်၊ ရေမြောင်းတို့ အတွင်း၌ သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်နိုင်သည့် အေးဒိစ်ခြင်များ ပေါက်ပွားလေ့ရှိကြသည်။

၎င်းခြင်များသည် အဖုံးဖုံးထားခြင်းမရှိသော ရေကြည်၊ ရေခွက်တို့၌ ပေါက်ပွားကြသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက သွေးလွန်တုပ်ကွေးခြင်များပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်ကို အိမ်တိုင်းဆောင်ရွက်ရန် တိုက်တွန်းဆော်ဩထားသည်။

မိမိတို့နေအိမ်ရှိ ရေအိုး၊ စဉ့်အိုး၊ အုတ်ကန်၊ စည်ပိုင်း၊ စည်၊ တိုင်ကီ စသည်တို့ကို သွေးလွန်တုပ်ကွေးခြင်ပေါက်ပွားစေနိုင်သော ပိုးလောက်လမ်းများ မပေါက်ပွားစေရန် အဖုံးများ ဖုံးထားသင့်၏။ ရေခွက်များ၊ အိုးခြမ်းကွဲများအတွင်းရှိ ရေများကို သွန်ပစ်သင့်၏။ ထို့အတူ သုံးစွဲသောရေများကိုလည်း မကြာခဏ လဲလှယ်သင့်ပေသည်။

ထို့အပြင် မိမိတို့အိမ်ရှိ ရေကန်၊ ရေတိုင်ကီ စသည်တို့၌ ပိုးလောက်လမ်းသတ်ဆေးများ ခတ်ထားသင့်၏။ ခြင်များမပေါက်ပွားစေရန် နေအိမ်အနီးရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းတို့ကိုလည်း ဆောင်ရွက်ကြရပေမည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားပါက ဖျားအန်ခြင်း၊ ခေါင်းကိုက်ဖျားနာခြင်း၊ ကလေးများတွင် အရေပြားပေါ်၌ အနီစက်များတွေ့ရခြင်းစသော ရောဂါလက္ခဏာများ တွေ့ရတတ်သည်။

မိဘများအနေဖြင့် မိမိတို့သားသမီးများအား သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်ကို အိမ်တိုင်းဆောင်ရွက်သင့်သည်။ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်လာမှ နှိမ်နင်းခြင်းထက် ကုန်ကျစရိတ်သက်သာမည်ဖြစ်ပြီး ရောဂါကြောင့် ပေါ်ပေါက်ရသော လူမှုစီးပွား ဒုက္ခလည်း လျော့နည်းစေနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါဘေးမှ ကင်းဝေးရန်အတွက် ပြည်သူများအနေဖြင့် သတင်းစာများနှင့် ရုပ်မြင်သံကြားတို့တွင် ကျန်းမာရေးဝန်ကြီးဌာန၏ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ နှိုးဆော်ချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ကြပြီး ခြင်နှိမ်နင်းရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါက ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ထိရောက်နိုင်မည် ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## နို့ကုန်ထုတ်သမဝါယမအသင်းသားများအား မွေးမြူရေး ပညာပေးဟောပြော

စဉ့်ကိုင် ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဆည်ရွာကျေးရွာတွင် နို့ကုန်ထုတ်သမဝါယမအသင်းသားများအား မွေးမြူရေး ပညာပေးဟောပြောပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသန်းထိုက်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးအရာရှိနှင့် မြို့နယ်တိ/မွေးကုဦးစီးအရာရှိတို့က ရှေ့ဆက်လက်ဆောင်ရွက်မည့် မွေးမြူရေးလုပ်ငန်း အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ဒေါက်တာဇော်လွန်းအောင်က သန့်ရှင်းသောနို့ရရှိရေးကိုလည်းကောင်း၊ ဒေါက်တာဝင်းမြင့်က တိရစ္ဆာန်ကူးစက်ရောဂါများ အကြောင်းကိုလည်းကောင်း၊ ဒေါက်တာဇော်လင်းက တိရစ္ဆာန်အစားအစာများ အာဟာရပြည့်ဝစွာ ကျွေးမွေးရမည့် နည်းစနစ်များကိုလည်းကောင်း ပညာပေးဟောပြောကြသည်။

ထို့နောက် မြို့နယ်တိ/မွေးကုဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးများသည် ကျေးရွာအတွင်းရှိ နို့စားနွားများ၏ ကျန်းမာရေးကို ကြည့်ရှုစစ်ဆေးခြင်း၊ သားလျှောရောဂါစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် သ/မ)**

## ကျန်းမာရေးပညာပေး ရွှေကျင်၌ဟောပြော ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်း

ရွှေကျင် ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပွဲကို ရွှေကျင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဇွန် ၅ ရက် နံနက်က ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသူက အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သီစံက ငှက်ဖျားရောဂါအကြောင်းကိုလည်းကောင်း၊ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးပညာပေးအရာရှိ ဦးအောင်မင်းက ကျန်းမာစွာ ပြုမူနေထိုင်ခြင်းအကြောင်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာဒေါ်တင်တင်ဝင်းက ကျန်းမာရေးဆိုင်ရာဗဟုသုတများကိုလည်းကောင်းပညာပေးဆွေးနွေးကြသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းသည့် ကျောင်းသုံးစာရေးကိရိယာများကို နာယကဒေါ်မြင့်မြင့်စိုးက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (၀၀၁)

## စုပေါင်းသစ်ပင်စိုက်ပျိုး

ထန်းတပင် ဇွန် ၁၅

တောင်ငူခရိုင် ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနမှ ကျေးလက်အိမ်ရာထူထောင်ရေး၊ ကျေးရွာပိုင်သစ်တောစိုက်ခင်း တည်ထောင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် နတ်ရွာအလယ်တန်းကျောင်းဝန်းကျင်အတွင်း၌ ယူကလစ်ပင် ၆၀၀၊ နတ်ရွာကျေးရွာ၌ ယူကလစ်ပင် ၁၅၆၈၀၊ ကျွန်း ၂၃၅၂ ပင်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေသွေး၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဌေးဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများစုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ်သစ်တော)**

## ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်ရေး မိတ္ထီလာ၌တွေ့ဆုံဆွေးနွေး

မန္တလေး ဇွန် ၁၅

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်ရေးအတွက် ဇွန် ၇ ရက်က မိတ္ထီလာ ဗန္ဓုလခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအသင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း **(အပေါ်ပုံ)**က ယာဉ်များယာဉ်စည်းကမ်းနှင့်အညီ လုပ်ငန်းလိုင်စင်များပြုလုပ်ရေး၊ မော်တော်ယာဉ်များအနေဖြင့် သတ်မှတ်တန်ချိန်များနှင့်အညီ တင်ဆောင်ကြရန်ဖြစ်ကြောင်း မိတ္ထီလာမြို့ပေါ်ရှိ ခရီးသည်ပို့ဆောင်ရေးအသင်း ၁၆သင်းမှယာဉ်ပိုင်ရှင်များ၊ယာဉ်မှူး၊ ယာဉ်နောက်လိုက်များ၊ ကုန်စည်ပို့ဆောင်ရေးဂိတ် ၁၅ ဂိတ်ရှိ ယာဉ် ၃၉စီးမှ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မှူး၊ ယာဉ်နောက်လိုက်များအား ဆွေးနွေးပြောကြားသည်။ တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစောဌေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေး၊ ခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးအေးချို၊ ခရိုင် ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ဗန္ဓုလခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် အသင်းများမှ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မှူး၊ ယာဉ်နောက်လိုက်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (၀၁၂)

## မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ (၅/၂၀၁၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီရွှေသန့်စင်လုပ်ငန်း)က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (ရွှေမြင်းပျံ ရွှေသန့်စင်လုပ်ငန်း)က အမှာစကားပြောကြားသည်။ ယင်းနောက် အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံ ရွှေပန်းထိမ်ရွှေဆိုင်) **(အပေါ်ပုံ)**က ရွှေဈေးနှုန်း တည်ငြိမ်စေရေးအတွက် ရွှေစီးဆင်းမှု လွယ်ကူစေရန်၊ ရွှေလုပ်ငန်းရှင်များက စနစ်တကျ အခွန်ထမ်းဆောင်နိုင်ရန်နှင့် ၂၀၁၂ ခုနှစ် မေ ၂၈ ရက်နေ့စွဲပါ သတ္တုတွင်းဝန်ကြီးဌာန၏ အကြံပြု တောင်းခံချက်နှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးရန်တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွှေလုပ်ငန်းရှင်အသင်းများက မိမိတို့အသင်းများ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။ (၁၆၈)

## သမဝါယမဈေးပွဲတော် ကျင်းပ

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်သမဝါယမအသင်းစုက ကြီးမှူး၍ အခြေခံသမဝါယမအသင်းမိသားစုများ ပူးပေါင်းကာ အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ဂုဏ်ပြုသောအားဖြင့် သမဝါယမဈေးပွဲတော်ကို ဇွန် ၁၄ ရက် နံနက် ၈ နာရီက စံပြ ဖဆပလရောင်းဝယ်ရေးသမဝါယမအသင်းရှေ့မြေကွက်လပ်၌ ကျင်းပသည်။ ဈေးပွဲတော်တွင် မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀၊ သမဝါယမအသင်း ၂၂ သင်းမှ ဆိုင်ခန်းများဖွင့်လှစ်ကာ တိုင်းရင်းဆေးမျိုးစုံ၊ နိုင်ငံခြားဆေးမျိုးစုံ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ကုန်မာပစ္စည်း၊ အိမ်ဆောက်ပစ္စည်းမျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ညနေ ၄ နာရီအထိ ရောင်းချပေးခဲ့သည်။

ဈေးပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သူ၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသက်ပြင်း၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဒေါက်တာစိန်မြနှင့် အလုပ်အမှုဆောင်များ တက်ရောက်အားပေးကြည့်ရှုကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** (၀၂၇)

## သာသနာနုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲ မြောင်းမြ၌ ကျင်းပ

မြောင်းမြ ဇွန် ၁၅

မြောင်းမြမြို့နယ် နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီးဆိုင်းဘုတ်တင်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၉ ရက် နံနက်က မြောင်းမြမြို့ စကြာနန္ဒစေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းတော်ကြီးအတွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကားပြောကြားပြီး မြို့နယ်သာသနာရေးမှူး ဦးဝင်းသိန်းထွန်းက သာသနာနုဂ္ဂဟအသင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က မြို့နယ်သာသနာနုဂ္ဂဟအသင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

**(သာသနာနုဂ္ဂဟအသင်း)**

# အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအားချီးကျူး
# ဌာန၏ဂုဏ်၊ နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်ရန် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်

**နေပြည်တော် ဇွန် ၁၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ခုနှစ် ပညာရည်ထူးချွန်ဆု၊ သင်တန်းထူးချွန်ဆုနှင့် အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဂုဏ်ပြု အမှာစကားပြောကြားရာတွင် ချီးကျူးဂုဏ်ပြုထိုက်သည့် ထူးချွန်ထက်မြက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ယခုကဲ့သို့ ချီးကျူးဂုဏ်ပြုခြင်းဖြင့် ခွန်အားသစ်များ ရရှိပြီး အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ထူးချွန်သူများသည် နောင်ကာလများတွင် ယခုထက်ပိုပြီး ဝန်ကြီးဌာန၏ဂုဏ်၊ နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်ရန် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ကြရန် ဖြစ်ကြောင်း ဖြင့် ပြောကြားသွားသည်။

ထို့နောက် အမျိုးသားအဆင့် ဆုရ အားကစားသမားများနှင့် ဝန်ကြီးဌာနအဆင့် သင်တန်းများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်သင်တန်းများတွင် ထူးချွန်ဆုရ အရာထမ်း/အမှုထမ်းများအား ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပညာရည်ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ရာ သုံးဘာသာဂုဏ်ထူးရှင်များအား မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်းနှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဇနီးတို့ကလည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဒုတိယဝန်ကြီး ဦးဝင်းသန်းတို့ကလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင်များအား ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်သန်းဝင်းကလည်းကောင်း၊ ခြောက်ဘာသာ ဂုဏ်ထူးရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိဦးစီးဌာန၊ လုပ်ငန်းများမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ရာ ကျောင်းသားမိဘများ ကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်က လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား တရုတ်ဧည့်သည်နှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd.မှ Chairman & President, Ms. Luo Yan နှင့်အဖွဲ့သည် ဇွန် ၁၄ ရက် ညနေ ၆ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး (ဝဲပုံ) တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် သံပေါင်တင်သွင်းသည့် China CAMC Engineering Co., Ltd.က ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များ ပေးအပ်

**နေပြည်တော် ဇွန် ၁၅**

ရခိုင်ပြည်နယ်အတွင်း လတ်တလော ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်)၌ လာရောက်လှူဒါန်းလျက်ရှိသည်။

ဇွန် ၁၂ ရက်တွင် မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးပြည့်ဖြိုးအောင်က ငွေကျပ်သိန်း ၃၀၀၊ ဇွန် ၁၃ ရက်တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးမင်းလွင်ဦး-ဒေါ်စုမြတ်နှင်း မိသားစုနှင့် ဦးထက်မြတ်သူ - ဒေါ်ပိုက်ပိုက်ဝင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဇွန် ၁၄ ရက်တွင် လယ်ဝေးမြို့မှ ဦးအောင်မြစိန်-ဒေါ်လှဥမ္မာ (နေလရွှေဆိုင်)က ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည် ၂၀၆ ထည်၊ လယ်ဝေးမြို့မှ ဒေါ်မြမြ(မြရတနာရွှေဆိုင်)နှင့်အဖွဲ့က ငွေကျပ်တစ်သိန်း၊ ထားဝယ်မြို့မှ ဒုတိယဗိုလ် နေဗလ (ခမရ-၄၀၂)က ငွေကျပ်ငါးသောင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒေါ်ချောစုနွယ်က အဝတ်အထည် ၁၆၈ ထည်၊ ဇွန် ၁၅ ရက်တွင် အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းများမိသားစုက ငွေကျပ်တစ်သိန်းငါးထောင်၊ ဆန် ၄၈ အိတ်၊ အဝတ်အထည် ၈၉၂ ထည်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒေါ်ပွင့်လှိုင်နီနှင့် ဆရာမများက ငွေကျပ်နှစ်သောင်းတစ်ထောင့်ငါးရာ၊ အဝတ်အထည် ၉၂ ထည်နှင့် သစ်သီးကိတ်တစ်ပါကင်၊ ပျဉ်းမနားဘိုးဘွားရိပ်သာမှ ဦးမောင်မောင်အေးနှင့်အဖွဲ့က အဝတ်အထည် ၁၀၄ ထည်၊ မြန်မာဆေးမျိုးစုံ ၁၉၈ ဘူး၊ ဆေးထုပ် ၂၂၆ ထုပ်နှင့် သွားတိုက်ဆေး၊ သွားတိုက်တံ ၁၈ စုံတို့ကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်

ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများအတွက် အလှူရှင်များက အလှူငွေများနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇွန် ၁၅**

ရခိုင်ပြည်နယ်တွင် လတ်တလော ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ဒေသခံပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ဆန်အိတ် ၂၀၀၊ ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များအသင်းက ငွေကျပ် ၂၄၀၆၄၀၀ တန်ဖိုးရှိ စားသောက်ကုန်များ၊ ဦးစိုးလွင်-ဒေါ်စောစောနိုင် မိသားစုက ငွေကျပ်နှစ်သိန်း၊ ပီတိလူမှုရေးကူညီမှုအသင်းက ငွေကျပ်ခုနစ်သိန်း၊ ဒေါက်တာဦးခင်မောင်အေး - ဒေါ်သင်းသင်းမောင်မိသားစုက ဆန် ၁၄ အိတ်၊ ဦးခင်ထွေး၊ မမိမော် မောင်နှမတစ်စုက အဝတ်အထည်လေးအိတ်နှင့် ယမ်ယမ်ခေါက်ဆွဲတစ်ဖာ၊ ပီတိသုခစေတနာရှင်များ အသင်းက ငွေကျပ်နှစ်သိန်း၊ ဦးထွန်းဇော်- ဒေါ်မြစိန်က ငွေကျပ်တစ်သောင်း၊ ဒေါ်လှမြတ်မွန်က ငွေကျပ်တစ်သိန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) တော်ဝင်အိမ်ရာမှ ငွေကျပ် သုံးသိန်းငါးသောင်းသုံးထောင်နှင့် အဝတ်အထည် ၂၁ အိတ်၊ ဦးစန်းဝင်း-ဒေါ်မြမိုးသန့် မိသားစုက ငွေကျပ်နှစ်သိန်းနှင့်အဝတ်အထည်သုံးထုပ်၊ ဦးစန်းအောင်ထွန်း-မသော်သော်လှိုင် မိသားစုက အဝတ်အထည်နှစ်ထုပ်၊ Total Care Co., Ltd. က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ အဝတ်အထည်များနှင့် စမ်းချောင်းမြို့နယ် အရှေ့ရပ်ကွက် စောင်ရောင်းဝယ်ရေးက ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးကလက်ခံပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အထိအလှူငွေရရှိမှုမှာ ငွေ ၁၀၇၆၇၅၃၇၆ ကျပ် တိတိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**မြန်မာ့အလင်း ဘဝအမောပြေ**

**မှန်လိုက်လေ** — **အာကာဟိန်း-ရေးသားသည်**

**တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့မှ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ လေကြောင်းခရီးဖြင့်လိုက်ပါမည့် အမျိုးသားတစ်ဦးသည် လေဆိပ်၌ လေယာဉ်ကိုစောင့်ဆိုင်းနေစဉ် လေဆိပ်အတွင်းရှိ စူပါကွန်ပျူတာရှေ့သွားကာ ငွေအကြွေစေ့ထည့်ပြီး အဖြေများ ဖတ်ရှုကြည့်နေသည်။**

အမျိုးသား ။ ။ ငွေအကြွေစေ့ကို ကွန်ပျူတာအပေါက်အတွင်း ထည့်လိုက်သည်။

**စူပါကွန်ပျူတာ ။ ။ မိတ်ဆွေရဲ့အမည်က စမစ်ဖြစ်ပြီး ကိုယ်အလေးချိန် ပေါင် ၁၄၀ ဖြစ်ပါတယ်။**

အမျိုးသား ။ ။ နောက်ထပ်ငွေအကြွေစေ့တစ်စေ့ထပ်ထည့်လိုက်သည်။

**စူပါကွန်ပျူတာ ။ ။ မိတ်ဆွေရဲ့အရပ်က ၅ ပေ ၆ လက်မဖြစ်ပြီး အင်္ကျီအဖြူရောင်၊ ဘောင်းဘီအနက်ဝတ်ဆင်ထားပါတယ်။**

အမျိုးသား ။ ။ နောက်ထပ် ငွေအကြွေစေ့ထပ်မံထည့်လိုက်သည်။

**စူပါကွန်ပျူတာ ။ ။ မိတ်ဆွေက အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ကိုသွားမှာဖြစ်ပြီး အလုပ်ကိစ္စ အရေးတကြီးဆွေးနွေးရန်ဖြစ်ပါတယ်။**

အမျိုးသား ။ ။ ထိုမျှမှန်ကန်နေသောကြောင့် စူပါကွန်ပျူတာကို နောက်ပြောင်လိုသဖြင့် အဝတ်လဲခန်းသို့သွားကာ အဝတ်များလဲပြီး နေကာမျက်မှန်တပ်ကာ စူပါကွန်ပျူတာရှေ့ရပ်ပြီး အကြွေစေ့ထည့်လိုက်သည်။

**စူပါကွန်ပျူတာ ။ ။ မိတ်ဆွေရဲ့လန်ဒန်သွားမယ့်လေယာဉ် အခုလေးတင်ထွက်သွားပါပြီ။**

အမျိုးသား ။ ။ "ဟိုက်"


# ရခိုင်ပြည်နယ်အတွင်း လုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှု အခြေအနေများတိုးတက်ကောင်းမွန်လာလျက်ရှိ ၁၄-၆-၂၀၁၂ ရက်နေ့တွင် လူစုလူဝေးဖြစ်ပေါ်မှု (၂)ကြိမ်သာဖြစ်ပွားခဲ့

**နေပြည်တော် ဇွန် ၁၅**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ဖြစ်ပွားပေါ်ပေါက်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် အရေးပေါ်အခြေအနေ ကြေညာပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုအခြေအနေများ တိုးတက်ကောင်းမွန်လာလျက်ရှိကြောင်း သိရှိရသည်။

လတ်တလောစိစစ်ချက်များအရ ရခိုင်ပြည်နယ်အတွင်း ၂၈-၅-၂၀၁၂ မှ ၁၄-၆-၂၀၁၂ အထိ လူစုလူဝေးဖြစ်ပေါ်မှု (၇၈)ကြိမ် ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၀ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၄ ဦးနှင့် မီးရှို့ဖျက်ဆီးခံရသည့် အဆောက်အအုံပေါင်း ၂၂၃၀ လုံးရှိခဲ့ကြောင်း၊ ၁၄-၆-၂၀၁၂ ရက်နေ့တွင် လူစုလူဝေးဖြစ်ပေါ်မှု (၂)ကြိမ်သာ ဖြစ်ပွားခဲ့သည်အထိ လျော့ကျသွားခဲ့ပြီး ၎င်းဖြစ်စဉ်များကိုလည်း သက်ဆိုင်ရာက ဥပဒေနှင့်အညီ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ရေအနက်ဆုံး ၆၀၅၅ မီတာသို့ တရုတ်ရေငုပ်သင်္ဘော အောင်မြင်စွာ မောင်းနှင်ဆင်းသက်နိုင်ခဲ့

**ပေကျင်း ဇွန် ၁၅**

ကမ္ဘာ့ရေအနက်ဆုံးနေရာဖြစ်သည့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ မာရီနာချောက်အတွင်းသို့ တရုတ်နိုင်ငံလုပ် လူလိုက်ပါသည့်ရေငုပ်သင်္ဘောသည် ဇွန် ၁၄ ရက်က ရေအနက်မီတာ ၆၀၀၀ ကျော်အထိ မောင်းနှင်သွားရောက်ခဲ့ပြီးနောက် ရေမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ပြန်လည်တက်ရောက်နိုင်ခဲ့ကြောင်း တရုတ်အရာရှိများက ဇွန် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါရေငုပ်သင်္ဘော **(ယာပုံ)**သည် ဇွန် ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီမှ စတင်ကာ ရေအောက်သို့ မောင်းနှင်သွားရောက်ခဲ့ရာ သုံးနာရီခန့်အကြာ ရေအနက် ၆၀၅၅ မီတာအထိ ရောက်ရှိခဲ့သည်။ ယင်းရေအနက်သည် ပြီးခဲ့သည့် ဇူလိုင်လက ၎င်းရေငုပ်သင်္ဘောမောင်းနှင်ခဲ့သည့် ရေအနက် ၅၁၈၈ မီတာအထိ ရောက်ရှိခဲ့သည့်စံချိန်ကို အသစ်ထပ်မံချိုးနိုင်ခဲ့သည်။ ထို့သို့ရေအနက် ၆၀၅၅ မီတာအထိ မောင်းနှင်ခဲ့ပြီးနောက် ရေမျက်နှာပြင်ပေါ်သို့ ပြန်လည်တက်ရောက်ခဲ့ရာ ဇွန် ၁၄ ရက် မွန်းလွဲ ၁၂ နာရီ ၄၄ မိနစ်၌ အောင်မြင်စွာ ပြန်လည်ရောက်ရှိခဲ့သည်။ ယင်းရေငုပ်သင်္ဘောနှင့်အတူ တရုတ်နိုင်ငံသားသုံးဦးဖြစ်သည့် ယီကောင်၊ ကျူဝေချန်နှင့် ယန်ဘိုတို့လိုက်ပါသွားကြသည်။ ၎င်းတို့သုံးဦးလည်း ရေငုပ်သင်္ဘောနှင့်အတူ ပြန်လည်လိုက်ပါလာကြသည်။ ထို့သို့ရေအနက်ပိုင်းသို့ မောင်းနှင်သွားချိန်၌ ရေငုပ်သင်္ဘောမှ အမှတ်(၁)ဆက်သွယ်ရေးစနစ်ချွတ်ယွင်းသွားသဖြင့် အမှတ်(၂)ဆက်သွယ်ရေးစနစ်ကို အသုံးပြုခဲ့ရကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

# ဖိလစ်ပိုင်နိုင်ငံ ပါလာဝမ်ကျွန်းကမ်းလွန်တွင် ခရီးသည်နှင့်ကုန်တင်သင်္ဘောနစ်မြုပ်

**မနီလာ ဇွန် ၁၅**

ဖိလစ်ပိုင်နိုင်ငံ ပါလာဝမ်ကျွန်းကမ်းလွန်တွင် ခရီးသည်နှင့်ကုန်တင်သင်္ဘောတစ်စင်း ဇွန် ၁၄ ရက်က နစ်မြုပ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ခရီးသည်ဒါဇင်များစွာ ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အရာရှိများက ဇွန် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ သင်္ဘော **(အောက်ပုံ)**သည် အမ်ဗွီဂျိုဆီလီ -၂ အမည်ရှိ သင်္ဘောဖြစ်ပြီး ခရီးသည် ၃၄ ဦးနှင့် သင်္ဘောဝန်ထမ်း ၁၂ ဦးတို့အပြင် ကုန်ပစ္စည်းများတင်ဆောင်ကာ မောင်းနှင်လာစဉ် ပါလာဝမ်ကျွန်းကမ်းလွန်တွင် မုန်တိုင်းမိပြီးနစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

**ကယ်ဆယ်နိုင်ခဲ့**

သင်္ဘောနစ်မြုပ်ရာသို့ ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ရေယာဉ်များဖြင့် သွားရောက်ကယ်ဆယ်ခဲ့ရာ ၂၂ ဦးသာ ကယ်ဆယ်နိုင်ခဲ့သည်။ ကျန်ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိသော်လည်း သေဆုံးဖွယ်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

၎င်းသင်္ဘောနစ်မြုပ်နေကြောင်း အရေးပေါ်သတင်းပေးပို့ချက်တစ်ရပ်ကို ကမ်းခြေစောင့်တပ်ဖွဲ့က လက်ခံရရှိပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများအရေးပေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသင်္ဘောသည် မုန်တိုင်းမိပြီး ကြီးမားသော ရေလှိုင်းကြီးများ ရိုက်ခတ်ခံရမှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

# အမေရိကန်မှ ၁၈ နှစ်အရွယ် ကျောင်းသားတစ်ဦး တစ်သက်စာ ထီဆုဆွတ်ခူး

**နယူးယောက် ဇွန် ၁၅**

အမေရိကန်နိုင်ငံသား အထက်တန်းကျောင်းသားတစ်ဦးသည် နယူးယောက်မြို့၌ ဖွင့်လှစ်သည့် ဘဝတစ်သက်စာထီဆုကို ကံထူးစွာ ဆွတ်ခူးရရှိခဲ့ကြောင်း ဇွန် ၁၅ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။



အသက် ၁၈ နှစ်အရွယ်ရှိ အထက်တန်းကျောင်းသား ရောဘတ်ဆာလိုသည် ၎င်းထီလက်မှတ်ကို အမေရိကန်နိုင်ငံ ကိုနေးကျွန်းသို့ ပြီးခဲ့သည့် မေ ၁၄ ရက်က အလည်အပတ်သွားရောက်စဉ် စတိုးဆိုင်တစ်ဆိုင်မှနေ၍ ဝယ်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါထီဆုကြေးငွေမှာ သီတင်းတစ်ပတ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ရရှိမည်ဖြစ်ပြီး ထီပေါက်သူ အသက်ရှင်နေသမျှကာလပတ်လုံး ၎င်းဆုကြေးငွေများကို ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။ ရောဘတ်ဆာလိုသည် အကယ်၍ အသက် ၈၀ အထိ နေထိုင်သွားရပါက အမေရိကန်ဒေါ်လာစုစုပေါင်း သုံးသန်းကျော်အထိ ရရှိမည်ဖြစ်သည်။

မိမိသည် ထီဆုကြီးဆွတ်ခူးရရှိကြောင်း သိရှိရသည့်အချိန်မှစ၍ စားသောက်၍မရ၊ အိပ်၍မရ၊ နေထိုင်ရသည်မှာလည်း စိတ်နှင့်ကိုယ်မကပ်ကြောင်း၊ ဝမ်းသာလွန်း၍ ရပ်တည်မရဖြစ်ခဲ့ကြောင်း ရောဘတ်ဆာလိုက ပြောကြားသည်။ သူ့အား လောလောဆယ်တွင် ဆုကြေးငွေအမေရိကန်ဒေါ်လာ တစ်သန်း ချီးမြှင့်ထားသည်။ **(အောက်ဝဲပုံ)**

**ဖြည့်ဆည်းနိုင်**

ယခုငွေကြေးသည် ရောဘတ်ဆာလိုဖြစ်ချင်သည့် လျှပ်စစ်အင်ဂျင်နီယာတစ်ဦးဖြစ်လာရန် ပညာသင်ကြားစရိတ်လည်း ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ ရောဘတ်ဆာလို၏မိခင်က သူ၏သားဖြစ်သူ ကောလိပ်ပညာသင်ယူနိုင်စေရန် ငွေကြေး မတတ်နိုင်၍ အလုပ်နှစ်လုပ်လုပ်ကာ ကျောင်းစရိတ်ရရှိရေး ကြိုးစားမည်ဟု စီစဉ်ထားရာ ယခု ထီဆုပေါက်သည့်အခါ သားအတွက်ဝမ်းသာကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**



# တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မည်

**ဆိုးလ် ဇွန် ၁၅**

တောင်ကိုရီးယား၊ အမေရိကန်နှင့်ဂျပန်ရေတပ်များသည် လာမည့်ရက်သတ္တတစ်ပတ်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၁၄ ရက်တွင် ကြေညာသည်။ **(ယာပုံ)**

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဂျေဂျူးကျွန်း ကမ်းလွန်ပင်လယ်တွင် လာမည့်ရက်သတ္တတစ်ပတ် ဇွန် ၂၁ ရက်နေ့မှစတင်ကာ နှစ်ရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။ ရေတပ်စစ်ရေးပူးတွဲလေ့ကျင့်မှုတွင် သုတေသနနှင့် ကယ်ဆယ်ရေး၊ စစ်ဆင်ရေးနှင့် ရေပြင်ပိုင်နက်ကာကွယ်မှုဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများ ပါဝင်သည်ဟုဆိုသည်။ ရေတပ်စစ်ရေးပူးတွဲလေ့ကျင့်မှုတွင် ဖျက်သင်္ဘောများ၊ ရေငုပ်သင်္ဘောများနှင့်တိုက်ခိုက်ရေးရဟတ်ယာဉ်များကို အသုံးပြုမည်ဟုလည်းသိရသည်။ **(အင်တာနက်)**

# နိုင်ငံတကာသတင်းအတိုအထွာ ၁၅-၆-၂၀၁၂

**တင်မောင်လွင် – စုစည်းသည်**

## ဖိလစ်ပိုင်နိုင်ငံ၌ လေဆိပ်ခုနစ်ခု အဆင့်မြှင့်တင်သွားမည်

*ဖိလစ်ပိုင်အစိုးရက နိုင်ငံအတွင်း ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းများ အလျင်အမြန်တိုးတက်ကောင်းမွန်စေရန် လေဆိပ်ခုနစ်ခုကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း အစိုးရအရာရှိများက ဇွန် ၁၄ ရက်တွင် ပြောကြားသည်။*

*အဆိုပါ အဆင့်မြှင့်တင်လုပ်ဆောင်မည့် လေဆိပ်များမှာ ဇမ်ဘိုအန်ဂါဒဲဆာပြည်နယ်ရှိ စန်ဇစ်ဆန်တာမြို့လေဆိပ်၊ ပါလဝမ်မြို့လေဆိပ်နှင့် ပန်ဂါဒဲယန်မြို့လေဆိပ်၊ အော်ဂတ်ဆန်ဒဲ နော့ပြည်နယ်ရှိ ဘူတူအန်မြို့လေဆိပ်တို့အပါအဝင် ဇန်ဘိုအမ်ဂါဒဲနော့ပြည်နယ်ရှိ ဒီပိုလောက်မြို့ လေဆိပ်၊ ဘွန်ဂါအိုမြို့ရှိ စန်ဂါစန်ဂါလေဆိပ်၊ မြောက်ကိုတာဘာတိုပြည်နယ် ကိုတာဘာတိုမြို့လေဆိပ် တို့ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးနှင့်ဝန်ကြီး မာရီးအက်က ပြောကြားသည်။ အဆိုပါလေဆိပ်များ ပြန်လည်တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်လုပ်ဆောင်ရန်အတွက် အမေရိကန်ဒေါ်လာ အနည်းဆုံး ၇ ဒသမ ၆၅ သန်း ကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းလေဆိပ်များပြင်ဆင်ပြုလုပ်ခြင်းဖြင့် အနာဂတ်စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ် ပထမလေးလတာကာလအတွင်း စီးပွားရေးလုပ်ငန်းများ ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။*

## ခိုးယူခံခဲ့ရသည့် ပီကာဆို၏ လက်ရာမြောက်ပန်းချီကား အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ပြန်လည်တွေ့ရှိ

*ယခင် ယူကရိန်းဝန်ကြီးချုပ်ဟောင်း ဖြစ်သည့် ပတ်ဗလိုလာဇာရန်ကို၏ နေအိမ်အတွင်းမှ ခိုးယူခံခဲ့ရသည့် ပန်းချီကျော် ပီကာဆို၏ တန်ဖိုးကြီးပန်းချီကား တစ်ချပ်ကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ၎င်းနေထိုင်သည့် အိမ်အနီးဝန်းကျင်၌ ပြန်လည်တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ဇွန် ၁၄ ရက်တွင် ပြောကြားသည်။ **(ဝဲပုံ)***

*အဆိုပါ ခိုးယူခံခဲ့ရသည့် ပန်းချီဆရာပီကာဆို၏ အနုပညာလက်ရာ ပန်းချီကားမှာ ခန့်မှန်းတန်ဖိုးအမေရိကန်ဒေါ်လာ ၄၀၀၀၀ ဝန်းကျင်ရှိပြီး ပြီးခဲ့သည့် မေ ၂၈ ရက်က ဆယ်ကျော်သက်အရွယ်လူငယ်တစ်စုက ၎င်းပါတီပွဲတစ်ခုသို့သွားနေစဉ် နေအိမ်အတွင်း တရားမဝင်ဝင်ရောက်ခိုးယူသွားခဲ့သည်ဟု ဆိုသည်။ ပျောက်ဆုံးသွားခဲ့သည့် ယင်းပန်းချီကားကို သီတင်းနှစ်ပတ်နီးပါးခန့် ခိုးယူသွားခဲ့ပြီးနောက် အနီးဝန်းကျင်နေထိုင်သူတစ်ဦးက ကယ်လီဖိုးနီးယားပြည်နယ် မာရင်းစီရင်စုရှိ ပတ်ဗလို၏ နေအိမ်အနီးခြံစည်းရိုးတစ်ခုမှ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပန်းချီကား ခိုးယူသွားသူများကို မသိရှိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။*

*ယင်းပန်းချီကားသည် အနုပညာလုပ်ငန်းပေါင်း ၅၀ ကျော်လုပ်ကိုင်သူ အင်္ဂလန်အမျိုးသမီးတစ်ဦးဖြစ်သည့် ဖန်မီအူချန်နွန်း၏ပုံကို ၁၉၅၇ ခုနှစ်ကရေးဆွဲထားသည့် ပန်းချီကားဖြစ်ကြောင်း ပန်းချီကျွမ်းကျင်သူများက သုံးသပ်ပြောကြားခဲ့သည်။ **(အင်တာနက်)***

# ခိုးဝင်လာသူ နိုင်ငံခြားသား ၅၀ ကျော် ယူဂန္ဒာလူဝင်မှုကြီးကြပ်ရေး အရာရှိများ ဖမ်းဆီး

**ကမ်ပါလာ ဇွန် ၁၅**

ယူဂန္ဒာလူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များက နိုင်ငံတွင်းခိုးဝင်သူ ၅၀ ကျော်ကို ဖမ်းဆီးပြီး ပြည်နှင်ဒဏ်ပေးရန် စီမံလျက်ရှိကြောင်း ယူဂန္ဒာအစိုးရပိုင် နယူးဗီးရှင်းနေ့စဉ်သတင်းစာတွင် ဇွန် ၁၄ ရက်က ဖော်ပြပါရှိသည်။ ရက်သတ္တပတ်အတွင်း ပြည်နှင်ဒဏ်မပေးမီ အာရှတိုက်မှ အများဆုံးဖြစ်သည့် ခိုးဝင်လာသူများ၏ စာရွက်စာတမ်းအထောက်အထားများကို စစ်ဆေးကြည့်သောအခါ နိုင်ငံကူးလက်မှတ်တုများ၊ အလုပ်ပါမစ်တုများကို တွေ့ရှိရသည်ဆို၏။ တရားမဝင်လာရောက်နေထိုင်သည်ကိုတွေ့ရှိလျှင် ၎င်းတို့အား ဒဏ်ငွေရိုက်မည့်အပြင် ပြည်နှင်ဒဏ်လည်းပေးရမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဌာန မင်းကြီးဂျိုဝှက်ဖင်းအက်ဝမ်က ပြောကြားသည်။ ပြီးခဲ့သည့်နှစ်က ပြည်နှင်ဒဏ်ပေးခံရသူ နိုင်ငံခြားသား ၁၆၆ ဦးရှိပြီး အများစုမှာ အိန္ဒိယလူမျိုးများဖြစ်ကြသည်။ **(အင်တာနက်)**

# အာဖဂန်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်၊ ၁၁ ဦးဒဏ်ရာရ

**ကဘူးလ် ဇွန် ၁၅**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဂျိုဂျန်ပြည်နယ်တွင် ဇွန် ၁၄ ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် လူ ၁၁ ဦးဒဏ်ရာရရှိသွားကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ကြေညာသည်။

**ပြောကြား**

ဂျိုဂျန်ပြည်နယ် မြို့တော်ရှီကာဂျန်၏ ကာတီဒေ့ါစတွန်ဒေသတွင် ဇွန် ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်က အဝေးထိန်းကိရိယာဖြင့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကားတစ်စီးထိမှန်ကာ လူ ၁၁ ဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူး အဇစ်ဇူလာက ပြောကြားသည်။ **(ဝဲပုံ)** အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ မည်သည့်အဖွဲ့အစည်းကမျှ သူတို့လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခြင်းမရှိပေ။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

# အာဖဂန်နစ္စတန်မှ နေတိုးတပ်များရုပ်သိမ်းရေး လမ်းကြောင်းပေးရန် ဗဟိုအာရှသုံးနိုင်ငံသဘောတူ

**အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့များအတွက် အဓိက ထောက်ပံ့ရေးလမ်းကြောင်း ပြန်ဖွင့်ပေးရေးအပေါ် ပါကစ္စတန်နှင့် စေ့စပ်ဆွေးနွေးမှုများ မအောင်မြင်သည့်အတွက် အမေရိကန်က ၎င်း၏ စေ့စပ်ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ကို ပြန်ခေါ်တော့မည်ဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဂျော့လစ်တဲက ဝါရှင်တန်မြို့၌ သတင်းထောက်များအား ပြန်လည်ပြောကြားလိုက်သည်။**

ပါကစ္စတန်နှင့် စေ့စပ်ဆွေးနွေးမှုများ မအောင်မြင်၍ ပြန်ခေါ်ရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ဂျော့လစ်တဲကဆိုသည်။ ယခုရက်သတ္တပတ်ကုန်ပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့ဝင်အချို့ ပြန်လာမည်ဟု ယုံကြည်ရပြီး ကျန်အဖွဲ့ဝင်များလည်း မကြာမီမှာပင် ပြန်လာကြမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

ပါကစ္စတန်နိုင်ငံ၌ နေတိုးထောက်ပံ့ရေးလမ်းကြောင်း ပြန်ဖွင့်ပေးရေးအတွက် အမေရိကန်နှင့် ပါကစ္စတန် တာဝန်ရှိသူများ၏ စေ့စပ်ဆွေးနွေးပွဲ အောင်မြင်မှု မရရှိဘဲ ဖြစ်လျက်ရှိသည်။

အမေရိကန်နှင့် ပါကစ္စတန်တို့၏ ဆွေးနွေးပွဲ လောလောဆယ် မအောင်မြင်ဖြစ်သည့်အပြင် မည်သည့်အခါတွင် ထပ်မံစေ့စပ်ဆွေးနွေးမည်ကိုလည်း ရက်အတိအကျသတ်မှတ်ခြင်း မပြုရသေးချေ။

စေ့စပ်ဆွေးနွေးပွဲ ကိုယ်စားလှယ်များအား ပြန်ခေါ်ခြင်းမှာ ပါကစ္စတန်နှင့် စေ့စပ်ဆွေးနွေးပွဲကို အမေရိကန်အစိုးရက စွန့်ခွာသည့် သဘောမျိုးမဟုတ်သည့်အပြင် ဤကိစ္စကို ပါကစ္စတန်နှင့် ဆက်လက်၍မဆွေးနွေးလို၍လည်း မဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျော့လစ်တဲက ရှင်းလင်းပြောဆိုသည်။

အမေရိကန်နိုင်ငံ မြို့ကြီးများ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၉ ရက်က ခရီးသည်တင်လေယာဉ်များအသုံးပြုပြီး အကြမ်းဖက် တိုက်ခိုက်ခံရပြီးနောက် အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာ တပ်များက အကြမ်းဖက်ခေါင်းဆောင်

အိုစမာဘင်လာဒင်နှင့် ၎င်း၏ အယ်လ်ခိုင်ဒါအဖွဲ့ဝင်များအား ချေမှုန်းရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ၂၀၀၁ ခုနှစ် ကုန်ပိုင်းက ဝင်ရောက်ခဲ့သည်။

အမေရိကန်ဦးဆောင်သည့် နေတိုးတပ်များ၏ တိုက်ခိုက်သိမ်းပိုက်မှုကြောင့် အာဖဂန်နစ္စတန်မှ တာလီဘန်အစိုးရလည်း အယ်လ်ခိုင်ဒါအဖွဲ့နှင့်အတူ နယ်စွန်နယ်ဖျား ရောက်ကာ ယခုအခါ နေတိုးတပ်ဖွဲ့ဝင်များနှင့် အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်း၏ အာဖဂန်နစ္စတန် တပ်ဖွဲ့ဝင်များကို ရင်ဆိုင်တိုက်ခိုက်နေရသည်။

အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့များအတွက် ပါကစ္စတန်သည် အဓိက ထောက်ပံ့ရေးလမ်းကြောင်းကို ယခင်က ဖွင့်ပေးထားသည့် နိုင်ငံဖြစ်သည်။ ဤလမ်းကြောင်းမှာ ၂၀၀၁ခုနှစ် အောက်တိုဘာလမှ ၂၀၁၁ ခုနှစ် နိုဝင်ဘာလအထိ တစ်ခါတစ်ရံတွင် အကြမ်းဖက်သမားတစ်စု၏ တိုက်ခိုက်မှုမှအပ ချောမွေ့ခဲ့သည်။

## ကိုး ➤ ရေးသားသည်

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီးရှိ ပါကစ္စတန်နယ်စပ်စစ်ဆေးရေးဂိတ်ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလက အမေရိကန် မောင်းသူမဲ့လေယာဉ်မှ တိုက်ခိုက်သဖြင့် ပါကစ္စတန်စစ်သား ၂၄ ဦး သေဆုံးပြီးနောက် ဤထောက်ပံ့ရေးလမ်းကြောင်းကို ပါကစ္စတန်နိုင်ငံက ပိတ်ပင်လိုက်ခြင်းဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ မှားယွင်းပစ်မိပါကြောင်း အမေရိကန်က ဝန်ချတောင်းပန်ရန် ပါကစ္စတန်နိုင်ငံက ထုတ်ပြောသော်လည်း အမေရိကန်တို့ဘက်က ငြင်းဆိုခဲ့သည်။

ပါကစ္စတန် ထောက်ပံ့ရေးလမ်းကြောင်းသည် အမေရိကန်ဦးဆောင်သည့် နေတိုးအဖွဲ့အတွက် အာဖဂန်နစ္စတန်၌ လောလောဆယ်ရှိနေသည့် တပ်ဖွဲ့များအား ထောက်ပံ့ရေးပစ္စည်း ပို့ရန်သာ အရေးကြီးသည်မဟုတ်၊ ၂၀၁၄ ခုနှစ်ကုန်တွင် အာဖဂန်နစ္စတန်နိုင်ငံရှိ တိုက်ခိုက်ရေးတပ်ဖွဲ့များ ရုပ်သိမ်းသည့်အခါတွင်လည်း ပါကစ္စတန် ထောက်ပံ့ရေးလမ်းကြောင်းသည် အရေးပါသည်။ ထိုအခါ နေတိုးတပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်ပစ္စည်းများကို ဤလမ်းကြောင်းမှပင် သယ်ယူဆုတ်ခွာပေးရမည် မဟုတ်ပါလား။

ပါကစ္စတန်လမ်းကြောင်း ပြန်ဖွင့်ပေးရေး လောလောဆယ် စေ့စပ်ဆွေးနွေးမှုများ မအောင်မြင်ပေ။ သို့သော် အမေရိကန်တို့ဘက်က အားမလျှော့။ အချိန်မရွေး ပြန်လည်စေ့စပ်ဆွေးနွေးရန်အသင့်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျော့က ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကမူ အာဖဂန်နစ္စတန်မှ နေတိုးတပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်ပစ္စည်းများ ရုပ်သိမ်းသယ်ယူရာ၌ လမ်းကြောင်းပေးမည်ဖြစ်ကြောင်း နေတိုးနှင့် အာရှသုံးနိုင်ငံ သဘောတူညီမှု ရလိုက်ပြီဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ နေတိုးတပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်ပစ္စည်းများ ပြန်လည်ရုပ်သိမ်းရာတွင် လမ်းကြောင်းပေးရန် ဗဟိုအာရှသုံးနိုင်ငံနှင့် မိမိတို့ သဘောတူညီမှု ရလိုက်ပြီဖြစ်ကြောင်း နေတိုးအဖွဲ့ အတွင်းရေးမှူးချုပ် အင်းဒါးဖော့ရတ်စမြူစင်က ဘရပ်ဆယ်မြို့၌ ဇွန် ၄ ရက်က သတင်းထောက်များအား ပြောကြားလိုက်သည်။

လမ်းကြောင်းပေးမည့် ကာဇက်စတန်၊ ကာဂျစ္စတန်နှင့်ဥဇဘက်ကစ္စတန်သုံးနိုင်ငံကို ကျေးဇူးတင်ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ တည်ငြိမ်ရေးအတွက်၊ ထောက်ခံအားပေးရေးအတွက် နေတိုးအဖွဲ့အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် တက်ကြွစွာ ဆက်လက်လက်တွဲ ဆောင်ရွက်သွားမည်ဟုလည်း အင်းဒါးဖော့ရတ် စမြူစင်က ပြောကြားလိုက်သည်။

နေတိုးအဖွဲ့အနေဖြင့် အလားတူ သဘောတူညီမှုမျိုး ရုရှားနိုင်ငံနှင့်လည်း ရရှိထားပြီးဖြစ်သည်။ လောလောဆယ်တွင်ပါကစ္စတန်နှင့် အဆင်မပြေသေးသော်လည်း တပ်ရုပ်သိမ်းရေးအတွက် နေတိုးအနေဖြင့် ဗဟိုအာရှသုံးနိုင်ငံနှင့် သဘောတူညီမှုရရှိခြင်းမှာ အောင်မြင်မှုတစ်ရပ်အဖြစ် ရှုမြင်နိုင်ပါကြောင်း။

**ကိုးကား-အင်တာနက်**

နိုင်ငံတကာအားကစားပြိုင်ပွဲများ နိုင်ငံတကာအားကစားပြိုင်ပွဲများ နိုင်ငံတကာအားကစားပြိုင်ပွဲများ

မြင့်မောင်စိုး - စုစည်းသည်

## ကမ္ဘာကျော်တိုက်ဂါးဝုဒ် ယူအက်စ်အိုးပင်းဖလား မျှော်မှန်း

**ဆန်ဖရန်စစ္စကို ဇွန် ၁၅**

ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ အိုလံပစ်ကလပ်၌ ကျင်းပလျက်ရှိသည်။

ကမ္ဘာကျော် ဂေါက်သီးကစားသမားတိုက်ဂါးဝုဒ် **(ဝဲပုံ)**သည် ယင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၁၅ လုံးမြောက် ဖလားအဖြစ် ဆွတ်ခူးရန် မျှော်လင့်ထားသည်။ တိုက်ဂါးဝုဒ်သည် အဖွင့်ပွဲနေ့တွင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ထားသည်။ တစ်နိုင်ငံတည်းသား မိုက်ကယ်သော်မဆင်က အဖွင့်ပွဲနေ့တွင် ၆၆ ချက်သာ ရိုက်ခဲ့သဖြင့် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ထားသည်။ သို့သော်လည်း တိုက်ဂါးဝုဒ်၏ ယှဉ်ပြိုင်နိုင်မှုအနေအထားမှာ ကောင်းမွန်လျက်ရှိသည်။

တိုက်ဂါးဝုဒ်နှင့်အတူ အခြားသောနာမည်ကြီး ကစားသမားများဖြစ်ကြသည့် ဂျပ်စတင်ရို့စ်၊ မက်ဒူးဝဲလ်၊ ဒေးဗစ်တွန်နှင့် နစ်ဝပ်နေးတို့သည်လည်း တစ်ချက်စီ လျှော့ရိုက်ထားသည်။ သို့သော်လည်း အခြားသော ထိပ်တန်းပြိုင်ဘက်များဖြစ်ကြသည့် ဖီးလ်မိုက်ကယ်ဆင်က ၇၆ ချက်၊ ရွိုင်းမာရွိုင်းက ၇၇ ချက်၊ လူကေးဒေါ်နယ်က ၇၉ ချက်ရိုက်ထားကြသည်။ ယင်းတို့သုံးဦးသည် အဖွင့်ပွဲနေ့တွင် အချက်ပိုများ ရိုက်ထားကြသည်။ ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား ဒိုနယ်သည် တရုတ်မှ အသက် ၁၄ နှစ်အရွယ်သာရှိသေးသည့် လူငယ်ဂေါက်သီးကစားသမား အင်ဒန်ကျန်နှင့်အတူ သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီ ပိုရိုက်ထားသည်။ ကမ္ဘာ့နံပါတ်သုံးအဆင့်ရှိ လီဝက်စ်ဝုဒ်က လက်ရှိချန်ပီယံ မက်ရွိုင်းနှင့်အတူ သုံးချက်စီ ပိုရိုက်ထားသည်။ **(အင်တာနက်)**

## ဂျာမနီနှင့် ပေါ်တူဂီအသင်းတို့ ယူအီးအက်ဖ်အေက ဒဏ်ရိုက်

ဂျာမနီနှင့် ပေါ်တူဂီအသင်းတို့ ဤသို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**ဝါဆော ဇွန် ၁၅**

ဂျာမနီနှင့် ပေါ်တူဂီအသင်းတို့အား ပြီးခဲ့သော စနေနေ့ ညက ယူရို ၂၀၁၂ ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားကြစဉ် ပွဲကြည့်ပရိသတ်များက ကွင်းအတွင်း စက္ကူလိပ်များဖြင့် ပစ်ပေါက်ခဲ့သဖြင့် ယူအီးအက်ဖ်အေက ဒဏ်ရိုက်လိုက်သည်။ ထိုနေ့ညက ဂျာမနီအသင်းနှင့် ပေါ်တူဂီအသင်းတို့သည် အုပ်စု(B)ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။ ဂျာမနီပရိသတ်များသည် ကွင်းအတွင်းရှိ ပေါ်တူဂီဘောလုံးသမားများအား စက္ကူလိပ်များနှင့် ပစ်ပေါက်ခဲ့သည်။ ယင်းအတွက် ဂျာမနီအသင်းအား ယူအီးအက်ဖ်အေက ယူရိုငွေ ၁၀၀၀၀ ဒဏ်ရိုက်လိုက်သည်။ ပေါ်တူဂီ ကစားသမားများကလည်း ဒုတိယပိုင်းတွင် အချိန်ကြာမြင့်အောင် အချိန်ဆွဲမှုဖြင့် ယူရို ၅၀၀၀ ကို ယူအီးအက်ဖ်အေက ဒဏ်ရိုက်ခဲ့သည်။

### မေတ္တာရပ်ခံ

အလားတူ အုပ်စု(A)မှ ရုရှားအသင်းသည်လည်း ပြီးခဲ့သောပြိုင်ပွဲ တွင် ပရိသတ်များ အလွန်အကျွံအောင်ပွဲခံပြီး အချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့သဖြင့် ယူအီးအက်ဖ်အေက ရမှတ်လျှော့ခံရမည့်အနေအထားနှင့် ရင်ဆိုင်နေရသည်။ သို့သော်လည်း ရုရှားဘောလုံးအသင်းက ယင်းပြစ်ဒဏ်အတွက် ပြစ်ဒဏ်ချမှုပြင်းထန်လွန်းသဖြင့် လျှော့ပေါ့ပေးပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**(အင်တာနက်)**

## စပိန်နှင့်ခရိုအေးရှား ရမှတ်တူရရှိထား

**ဝါဆော ဇွန် ၁၅**

ယူရို ၂၀၁၂ ဘောလုံးပွဲများကို ဇွန် ၁၅ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက အိုင်ယာလန်အသင်းကို လေးဂိုးပြတ်ဖြင့်အနိုင်ရလိုက်ပြီး အုပ်စု (C) တွင် စပိန်က လေးမှတ်ဖြင့်ဦးဆောင်နေသည်။ **(အပေါ်ပုံ)**

### အပြိုင်ဦးဆောင်

စပိန်အသင်းသည် အိုင်ယာလန်အသင်းကို ပွဲစဉ်တစ်လျှောက်လုံးထိန်းချုပ်ကစားခဲ့ပြီး စပိန်တိုက်စစ်မှူးတောရက်စ်က စပိန်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ တောရက်စ်သည် ပွဲစပြီးလေးမိနစ်အကြာ စပိန်အသင်းအတွက် အဖွင့်ဂိုးကို ၁၀ ကိုက်အကွာမှသွင်းယူပေးခဲ့သည်။ ဒေးဗစ်ဆီလ်ဗားက ဒုတိယပိုင်းပြန်စပြီး မကြာမီ စပိန်အသင်းအတွက် ဒုတိယအနိုင်ဂိုးသွင်းယူပေးခဲ့သည်။ တတိယဂိုးကို တောရက်စ်က ဒုတိယပိုင်းအတွက် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ စပိန်အသင်းအတွက် စတုတ္ထအနိုင်ဂိုးကို လူစားဝင်လာသူ ဖာဘရီဂတ်စ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ စပိန်တို့ယင်းပွဲတွင် အိုင်ယာလန်ကို လေးဂိုးပြတ်ဖြင့်အနိုင်ရလိုက်သဖြင့် အုပ်စု (C) တွင် ရမှတ် လေးမှတ်ဖြင့် ခရိုအေးရှားနှင့် အပြိုင်ဦးဆောင်လျက်ရှိသည်။

### အုပ်စုဗိုလ်

ခရိုအေးရှားအသင်းသည် ဇွန် ၁၄ ရက် ညပိုင်းက အီတလီနှင့်ကစားရာတွင် တစ်ဂိုးစီသရေကျသွားခဲ့သည်။ ထို့ကြောင့် အုပ်စု(C)တွင် စပိန်နှင့်ခရိုအေးရှားတို့သည် ရမှတ်လေးမှတ်စီဖြင့် အပြိုင်ဦးဆောင်နေသည်။ ယင်းတို့နှစ်သင်းသည် လာမည့် ဇွန် ၁၈ ရက် (တနင်္လာနေ့)တွင် အုပ်စု(C)နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ နိုင်သည့်အသင်းသည် အုပ်စုဗိုလ်ဖြစ်လာမည်ဖြစ်သည်။ **(အင်တာနက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အိန္ဒိယနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ ဧည့်သည်အဖွဲ့များတွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အိန္ဒိယနိုင်ငံ Ultra Tech Cement Ltd. မှ General Manager, Mr. Sachin Mittal ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် စက်မှုတွင်းထွက်ကုန်ကြမ်းသတ္တုများဖြစ်သော ထုံးကျောက်၊ ကျောက်မီးသွေး၊ ဂေါဒန်တို့အား စမ်းသပ်ရှာဖွေတူးဖော်ထုတ်လုပ်၍ အဆင့်မြင့်နည်းပညာသုံး ဘိလပ်မြေစက်ရုံ တည်ဆောက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံအတွင်း ပြည်တွင်းကုမ္ပဏီများမှ ဘိလပ်မြေစက်ရုံများ တည်ဆောက်နေမှု အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား စင်ကာပူနိုင်ငံ TONKIN Resources Pte., Ltd. မှ General Director, Mr. Mike BW Tan နှင့် အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ရွှေသတ္တုနှင့် တင်းတန်စတင် သတ္တုများတူးဖော်ထုတ်လုပ်နိုင်ရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်ပြီး သိရှိလိုသည်များကိုဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အိန္ဒိယနိုင်ငံ Ultra Tech Cement Ltd. မှ General Manager, Mr. Sachin Mittal နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# အာဆီယံနိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများဖိုရမ်နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ညှိနှိုင်းစီစဉ်မှုအရ ရန်ကုန်မြို့သို့ရောက်ရှိနေသော အာဆီယံနိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများဖိုရမ်မှ ဥက္ကဋ္ဌ Prof :Ms. Amara Pongsapich ဦးစီးသော နိုင်ငံအသီးသီးမှ ကော်မရှင်ဥက္ကဋ္ဌများနှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်း အမှတ်(၂၇)ရှိ လူ့အခွင့်အရေးကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ မြန်မာ NGOs ကွန်ရက်အဖွဲ့မှဥက္ကဋ္ဌနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ တွေ့ဆုံ၍ အတွေ့အကြုံနှင့် အမြင်သဘောထားများ ဆွေးနွေးဖလှယ်ကြသည်။ **(အောက်ပုံ)**

**ဆွေးနွေးပွဲကျင်းပ**

ဆက်လက်၍ SEANF အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ ဝဏ်ဘာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်း၊ မေတ္တာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအဖွဲ့ BANCA တို့မှ ဥက္ကဋ္ဌများ၊ ကျောင်းအုပ်များ၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ တက်ရောက်ကြပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် လူ့အခွင့်အရေးရှုထောင့်မှ ဆွေးနွေးဖလှယ်ကြသည်။ မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များကလည်း အထောက်အကူပြုဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ကျေးဇူးတင်စကားပြောကြားပြီး ဆွေးနွေးပွဲကျင်းပပြီးစီးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူချစ်တဲ့ စာရေးဆရာ

* စာရေးဆရာ၊ ဆိုသည်မှာလျှင်
ကဗျာဝတ္ထု၊ ဆောင်းပါးစုဖြင့်
သုတ ရသ၊ ထုံမွှမ်းစွသော
လောကပန်းချီ၊ ဆေးချက်ညီအောင်
မျှော်ရည်ရှေးရှု၊ ဖန်တီးပြုလျက်
အနုပညာ၊ သူ့သစ္စာဖြင့်
မေတ္တာဖြန့်ဝေတတ်သူတကား။

* စာရေးဆရာ၊ ဆိုသည်မှာလျှင်
သပြာငွေကြေး၊ ပုံ၍ပေးလည်း
ရေးချင်မှသာ၊ ရေးတတ်စွာတည့်
ရင်မှာလေးနက်၊ ခံစားချက်ကို
ပြိုးပြက်လင်းလို့င်၊ မြင်ကွင်းခိုင်မှ
ဆုပ်ကိုင်မိရ၊ ဖန်ဆင်းပြသည်
ရတိုင်းမယူတတ်သူတကား။

* စာရေးဆရာ၊ ဆိုသည်မှာလျှင်
တိုက်တာအိမ်အိုး၊ စည်းစိမ်တိုးဖို့
ကြိုးကြိုးပမ်းပမ်း၊ မစွဲလမ်းချေ
ဝမ်းဟာခဲ့ချိန်၊ ထမင်းမြိန်သော်
တင်းတိမ်ကျေနပ်၊ ရောင့်ရဲတတ်၏
ချစ်မြတ်နိုးရာ၊ စာကဗျာသာ
ရတနာတစ်ခု၊ ပမာပြုသည့်
အနုပညာရှင်ပါတကား။

* သြော်…လိုတိုင်းမတ၊ ရတိုင်းမယူ
ဖြူစင်မေတ္တာ၊ စေတနာနှင့်
စာပေကလောင်၊ တို့များဆောင်၍
လှအောင်လည်းဆင်၊ ယဉ်အောင်လည်းတွေး
အလေးဂရု၊ အစဉ်ပြုလျက်
ပြည်သူ့အကျိုး၊ ဆောင်သယ်ပိုးရင်း
မြတ်နိုးဖွယ်သော၊ စာပေတောဝယ်
ပျော်မောကြည်ဖြူ၊ ဖေးမကူမည်
ပြည်သူချစ်တဲ့ စာရေးဆရာ။
ပြည်သူ့မေတ္တာခံယူကာ။
ရှေ့ဆက်ချီစို့ ညီညွတ်စွာ။ ။

(မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး ပထမအကြိမ်ညီလာခံကိုဂုဏ်ပြုလျက်-)

မြင်းမူမောင်နိုင်မိုး

❍ ကျောဖုံးမှ

ပထမအကြိမ်ဖြစ်ပြီး တိုင်းရင်းဘာသာစာပေကို သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းများဖြစ်သော မူလတန်းအောက်ဆင့်များ၌ စတင်သင်ကြားရန် လျာထားပါကြောင်း၊ ယခု ပထမအကြိမ်ကျင်းပသော အစည်းအဝေးမှ မူလတန်းအောက်ဆင့် သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများကို မွန်၊ စကောကရင်၊ ပိုးကရင်၊ ပလောင်၊ တီးတိန်ချင်း၊ ဖလမ်းချင်း၊ ဂုံရှမ်း၊ တိုက်လျန်ရှမ်း၊ တောင်ကြီးရှမ်း၊ ကယား၊ ကယန်း၊ ပအိုဝ်းစာပေများဖြင့် နှစ်လအတွင်း အပြီးပြုစု၍ ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား ဆရာ ဆရာမများ၊ တိုင်းရင်းဘာသာ ကျွမ်းကျင်သူများ ဝိုင်းဝန်းစုပေါင်းပြုစုရမည်ဖြစ်ကြောင်း၊ အင်း၊ ခနုတိုင်းရင်းသားများနှင့်ပတ်သက်၍ ကွဲပြားသော ဝေါဟာရစကား အသုံးအနှုန်းများကို တက်ရောက်လာသည့် အင်း၊ ခနုတိုင်းရင်းသား ဆရာ ဆရာမများက ပြုစုပေးရမည်ဖြစ်ကြောင်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား တိုင်းရင်းဘာသာသင်ခန်းစာများ သင်ကြားပေးနိုင်ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ခိုင်မာရှင်သန်လာမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တိုင်းရင်းဘာသာသင်ကြားရေးနှင့် ပတ်သက်သည်များနှင့် ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေတို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြ၍ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်လျက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၁၅

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ စစ်တွေမြို့တွင် ၅ ဒသမ ၃၁ လက်မ၊ ကျောက်ဖြူမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၅ ဒသမ ၀၄ လက်မစီ၊ အမ်းမြို့တွင် ၄ ဒသမ ၁၇ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၈၉ လက်မ၊ ပင်လောင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ပျဉ်းမနားမြို့တွင် ၂ ဒသမ ၁၃ လက်မနှင့်နေပြည်တော်တွင် ၁ ဒသမ ၃၀ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းမည်။

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ စုပေါင်းသစ်ပင်စိုက်ပျိုး

ကျိုင်းတုံ ဇွန် ၁၅

ကျိုင်းတုံမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီက ကျိုင်းတုံ-တာချီလိတ်လမ်း မြို့အဝင် (Toll Gate) အနီး၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်တို့က တက်ရောက်လာသူများအား ပျိုးပင်များပေးအပ်ကြသည်။

**စိုက်ပျိုး**

ထို့နောက် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များ၊ မိုင်းဇင်းကျေးရွာပြည်သူများက ကျွန်း၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ချယ်ရီ၊ ပနားမားငုံ၊ မဲဇလီပျိုးပင်စုစုပေါင်းအပင် ၅၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

# ရပ်ထားသည့်ရေယာဉ်ပေါ် ကမ်းပါးပြိုကျ၍ မြေပိနစ်မြုပ်

ရန်ကုန် ဇွန် ၁၅

ဇွန် ၁၃ ရက် နံနက် ၇ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သာယာစုကျေးရွာနေ ကျော်နိုင် အသက် ၂၂ နှစ် မောင်းနှင်သည့် ဖြူ့ဇင်ကုန်း-ဇလွန်ပြေးဆွဲသည့် အလျားပေ ၃၀၊ အနံ ၁၀ ပေ၊ ဖောက် ၄ ပေရှိ "မင်းထက်ဇော်" ခရီးသည်တင်ရေယာဉ်သည် ခရီးသည်များတင်ဆောင်၍ ဖြူ့ဇင်ကုန်းကျေးရွာမှ ထွက်ခွာလာခဲ့ရာ နံနက် ၈ နာရီခွဲတွင် ဇလွန်မြို့နယ် နှစ်အိမ်တန်းကျေးရွာ ကမ်းနားသို့ ဆိုက်ကပ်ရောက်ရှိစဉ် အလျားပေ ၄၀ ခန့်ရှိ ကမ်းပါးပြိုကျရာမှ ရေယာဉ်ပေါ် မြေများပိသဖြင့် ကမ်းစပ်၌ ရေယာဉ်မှာ နစ်မြုပ်သွားခဲ့သည်။

ရေယာဉ်နစ်မြုပ်မှုကြောင့် ရေယာဉ်ပေါ်ပါရှိသည့် ဓနုဖြူမြို့နယ် ကျုံမန္တေးကျေးရွာနေ ကျားသုံးဦးသည် ဦးခေါင်း၊ နောက်စေ့၊ ဦးခေါင်းထိပ်၊ နဖူးတို့၌ ပေါက်ပြဒဏ်ရာနှင့် ဇလွန်မြို့နယ် ကျုံရှစက်ကျေးရွာနေ မ ကိုးဦးသည် နှာခေါင်း၊ နဖူး၊ ကျောကုန်း၊ ပေါင်တို့၌ ပေါက်ပြဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် နံနက် ၁၀ နာရီတွင် ဇလွန်ဆေးရုံသို့ ပို့ဆောင်ကုသခဲ့သည်။

အဆိုပါမြေကြီးပိ၍ နစ်မြုပ်လျက်ရှိသည့် ရေယာဉ်ကို ဇလွန်မြို့နယ် ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူကျေးရွာသားများက စုပေါင်းဆယ်ယူလျက်ရှိသည်။ **(ဆွေကြီး)**

ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့်ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ကျောင်းသူတစ်ဦးအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးအပ်စဉ်။ (၄၁၆)

16-6 (06).pmd 1 6/16/2012, 2:11 AM

# တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးပွင့်စီမံချက်များ ဖော်ဆောင်နေရရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားအား မပျောက်မပျက်အောင်ထိန်းသိမ်း

**နေပြည်တော် ဇွန် ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများ၊ Norwegian Refugee Council (NRC) မှ Country Director, Mr. Christopher Bleers တို့နှင့်အတူ ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ပရံကျေးရွာရှိရတနာစိတ္တသုခကျောင်းတိုက်၌ One Stop Service ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအခမဲ့ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မိုးပွင့်စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ရရှိပြီးနိုင်ငံသားစိစစ်ရေးကတ်ပြားအား မပျောက်မပျက်အောင် ထိန်းသိမ်းထားရှိရန်လိုအပ်မှု၊ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအချိန်ကုန်သက်သာစေရေးနှင့် ကုန်ကျစရိတ်မရှိစေရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်ပေးနေမှု၊ NRC ၏ စေတနာအလျောက် ပံ့ပိုးကူညီမှုများနှင့် ပေါင်းစပ်ကာ One Stop Service ဖြင့် အခမဲ့ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံတိုင်းရင်းသားများက ကျေးဇူးတင်စကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက မိုးပွင့်စီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းကို နေ့/ည မပြတ်၊ ရုံးပိတ်ရက်များပါမကျန် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြို့ရှိ နော်ဝေနိုင်ငံမှ Norwegian Refugee Council (NRC)အဖွဲ့ကလည်း ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မှုများအတွက် လိုအပ်သည့် လုပ်ငန်းဆိုင်ရာပစ္စည်းများ၊ ပြည်သူများ ကုန်ကျမည့် အခငွေများကို လှူဒါန်းပံ့ပိုးကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးပွင့်စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာရေးရန်ပုံငွေ ငွေကျပ်သိန်း (၅၀၀) ပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ Asia Energy Co.,Ltd. မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာရေးရန်ပုံငွေ ငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းပွဲနှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့သို့ လစဉ် ဒီဇယ်ဆီဂါလန် ၄၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် အလှူရှင် Asia Energy Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသက်ဝေက အလှူငွေနှင့် လစဉ်စက်သုံးဆီ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဦးသက်ဝေ-ဒေါ်ကြည်မေတို့က ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ပညာရေးရန်ပုံငွေအတွက် ငွေကျပ်သိန်း ၅၀၀ (**အပေါ်ပုံ**)နှင့် မန္တလေးမြို့ မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးအတွက် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ လစဉ်ဒီဇယ်ဆီဂါလန် ၄၀၀ တို့ကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးတို့ထံ ပေးအပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးH.E.Mr.Takashi SAITO သည် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀တွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအား ထောက်ခံအားပေးသည့်အနေဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးရေး အခက်အခဲကို ကူညီဖြေရှင်းပေးသည့်အနေဖြင့်လည်းကောင်း ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးပေါ်အကူအညီ အမေရိကန်ဒေါ်လာ သန်း ၂၀ ကို Grant Aid အဖြစ် အဆင့်(၂)ဆင့်ဖြင့် ပေးအပ်သွားရန် စီစဉ်လျက်ရှိသည့်ကိစ္စ၊ ပထမအဆင့်အနေဖြင့် ဒီဇယ်အင်ဂျင်စက်များဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၀ သန်းပေးအပ်သွားမည်ဖြစ်ပြီး စက်တစ်လုံးစီ၏ တန်ဖိုးအပေါ်မူတည်၍ အကြမ်းဖျင်းအားဖြင့် စက် ၁၅ လုံးမှ ၁၆ လုံးခန့် ရရှိနိုင်မည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ဒီဇယ်ဆီများဝယ်ယူနိုင်ရန် အမေရိကန်ဒေါ်လာ ၁၀ သန်း ထပ်မံပေးအပ်မည့်ကိစ္စ၊ ပထမအဆင့် အမေရိကန်ဒေါ်လာ ၁၀ သန်းအတွက် ဂျပန်နိုင်ငံအစိုးရခွင့်ပြုချက်ရရှိပြီးဖြစ်ပြီး ဒုတိယအဆင့် ၁၀ သန်းအတွက် ဇူလိုင်လအတွင်း ဆုံးဖြတ်ချက်ချမှတ်နိုင်မည့်ကိစ္စ၊ ဂျပန်နိုင်ငံကုမ္ပဏီများနှင့်ပူးပေါင်း၍ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံနှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိနေသည့် ကိစ္စရပ်များအား ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ ODA အသုံးပြုတည်ဆောက်နိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာသို့ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၅ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက ဝန်ထမ်းသားသမီးများအား ထောက်ပံ့ငွေများပေးအပ်စဉ်။**

(ဝ၄၈)

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲ မြဝတီမြို့၌ကျင်းပ

**မြဝတီ ဇွန် ၁၅**

၂၀၁၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲများကို မြဝတီမြို့ပေါ်ရှိ အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲ ဝေ့ရှမ်းကျေးရွာ၊ သဃ်န်းညီနောင်ကျေးရွာနှင့် ရွှေကုက္ကိုလ်မြိုင်ကျေးရွာတို့ရှိ အခြေခံပညာစာသင်ကျောင်းများ၌ ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ မြဝတီမြို့ မူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူးသန်းထူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းပြီး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## ရှေ့ဖုံးမှ

ပြန်လည်စိုက်ပျိုးလုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နောင်တွင် ယခုလိုထပ်မံဖြစ်ပွားမှုမရှိစေရေး စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လမ်းတစ်လျှောက် ဘင်္ဂါလီရွာအချို့ကိုလည်း ဝင်ရောက်ကြည့်ရှုမေးမြန်းခဲ့ပြီးဖြစ်ကြောင်း၊ အကြောင်းမဲ့အပြစ်မဲ့ ဥပဒေမဲ့ လုပ်ဆောင်ခဲ့ကြသည့်ကျူးလွန်သူများအား ခွင့်မလွှတ်နိုင်ကြောင်း၊ ဦးစီးဦးဆောင်လုပ်သူများကို ဥပဒေနှင့်အညီ ပြစ်မှုကြီးငယ်အလိုက် အပြစ်ရှိသူများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလိုဖြစ်စဉ်ကို တစ်နိုင်ငံလုံးကသိရှိပြီး တစ်ပြည်လုံးမှ ညီအစ်ကို မောင်နှမများကလည်း ကိုယ်ချင်းစာနာကာ ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများလည်း လိုက်ပါသိရှိ မြင်တွေ့ခဲ့ပြီးဖြစ်သောကြောင့် လိုအပ်သော ကူညီထောက်ပံ့မှုများကို ပေးပို့ရန် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြန်လည်တည်ဆောက်နိုင်ရန် ယခင်ကထက် ပိုပြီးကြိုးစား၍ ညီညီညွတ်ညွတ်၊ သတ္တိရှိရှိ၊ ကြံ့ကြံ့ခိုင်ခိုင်၊ တည်တည်ငြိမ်ငြိမ် တည်ဆောက်သွားကြရန် လိုအပ်ကြောင်း အားပေးအမှာစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေများအား ကျေးရွာကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့အလင်း — သူ့အတွေးသူ့အမြင်

# စနစ်တကျမှတ်ပုံတင်၍ ခွေးမွေးသောစနစ် ပြောင်းလဲကျင့်သုံးဖို့လို

***နေပြည်တော် ဇွန် ၁၅***

*အမေရိကန်နိုင်ငံနှင့် အနောက်နိုင်ငံများတွင် ကျားများ၊ ခြင်္သေ့များ၊ ဝက်ဝံများ၊ မြွေများကို အိမ်မွေးတိရစ္ဆာန်များအဖြစ် ချစ်စနိုး မွေးမြူကြကြောင်း ကြားသိရသည့်အခါ တော်တော်ပေါက်ပေါက်ရှာလုပ်သည့် လူတွေပဲဟု အံ့သြဘနန်းဖြစ်ရသည်။*

*ခွေးများကို စည်းကမ်းနှင့်အညီ စနစ်တကျမှတ်ပုံတင်၍ မွေးကြရကြောင်း၊ ခွေးများကြည့်ရန် ရုပ်ရှင်များ၊ ခွေးများတက်ရန် ဆေးရုံ၊ ခွေးများတည်းရန် ဟိုတယ်များအကြောင်းကို ဖတ်ရှုရသည့်အခါ မိမိတို့နိုင်ငံနှင့်နှိုင်း၍ သူတို့နိုင်ငံက ခွေးများခွေးဖြစ်ရကျိုးတယ်နပ်တာပဲဟု တွေးမိသည်။ မိမိမွေးသည့်ခွေးမှ အခြားသူကို ကိုက်သည်၊ အနှောင့်အယှက်ပြုသည်ဟု ဖြစ်စဉ်များဖြစ်ပွားပါက လျော်ကြေးများစွာပေးလျော်ရကြောင်းဖတ်ရှုကြားသိရသည့်အခါ ခွေးကိုကရိကထခံ၍ မွေးထားကျွေးထားရသည့် ဒုက္ခဘယ်နည်းမလဲဟု မှတ်ချက်ချမိသည်။*

*မေလအတွင်းက သွားရောက်ခဲ့သော ဂျပန်နိုင်ငံခရီးစဉ်တွင် အိမ်မွေးခွေးအတွက် အဝတ်အစားများကို ငွေကုန်ကြေးကျခံ၍ ဝယ်ယူနေသည့် မိတ်ဆွေ၊ MRTV-4 အစီအစဉ်တွင် ၎င်းတို့၏အိမ်မွေးတိရစ္ဆာန်များအကြောင်း ထည့်ပြောကြသည့် Celebrity များ၊ ချစ်စရာခွေးမျိုးစုံတို့ကို ကြိုးဆွဲ၍ ညနေခင်းလမ်းလျှောက်နေကြသူများကိုတွေ့ရတော့မှ ဩော်တို့နိုင်ငံမှာလည်း ဒါတွေအတော်ခေတ်စားနေပါလား သတိပြုမိလာသည်။*

*သို့သော် မိမိတို့နိုင်ငံတွင် ခွေးလေခွေးလွင့်များက နေရာအနှံ့ရှိနေသည်မှာ အတော်ဆိုးသည်။ ခွေးပေါင်သံကြောင့် အိပ်ရေးပျက်သူမြောက်မြားစွာ မြန်မာနိုင်ငံတွင်ရှိမည်မှာ မလွဲဧကန်ဖြစ်သည်။ ခွေးအုပ်စု၏ အနှောင့်အယှက်ပြုမှုများ လမ်းတိုင်း၊ ရပ်ကွက်တိုင်းမှာ တစ်နေရာမဟုတ်၊ တစ်နေရာ တွေ့တွေ့နေရသည်။ ဟိုရက်ပိုင်းက ရန်ကုန်မြို့ (၆)မိုင်ခွဲရှိ အမက(၁၀) ကျောင်းလမ်းအတွင်း ကင်မရာတစ်လုံးနှင့် လှည့်လည်ကြည့်နေသောတိုးရစ်ကြီးအား ခွေးများတဝုန်းဝုန်းလိုက်ဟောင်နေသဖြင့် ခြောက်လှန့်ပေးသည့်ကျွန်တော့်ကို တိုးရစ်ကြီးက ကျေးဇူးတင်ကြောင်းပြောရင်း မင်းတို့နိုင်ငံက ခွေးတွေသိပ်ဆိုးတာပဲဟု ရှုံ့တွစွာ ပြောလာသဖြင့် အရှက်ရခဲ့ဖူးသည်။ အမက(၁၀) သို့ ကျောင်းလာတက်သည့် ကလေးတွေ မကြာခဏခွေးလေခွေးလွင့်များဆွဲသဖြင့် အော်ဟာစ်ငိုယိုပြီး ထွက်ပြေးကြသည်ကိုလည်းကောင်း၊ အိမ်ရာဝန်းအတွင်း ဖြတ်သန်းသည့်ဈေးသည်များ၊ ကျောင်းသားမိဘများ၊ ဖြတ်သွားဖြတ်လာများအား ခွေးလိုက်သဖြင့် မောင်းထုတ်နေရသည်ကိုလည်းကောင်း တွေ့ဖူးသဖြင့် ခွေးတွေသိပ်ဆိုးသည်ကို ကိုယ်တိုင်လည်းသိထားသည့်တိုင် ယခုလိုမျိုးအပြောခံရတော့ မိမိတို့နိုင်ငံ၏ ပုံစံမကျခွေးမွေးတတ်သည့်အကျင့်ကို ပြင်စေချင်သည့်ဆန္ဒ ထပ်ပေါ်လာပြန်သည်။*

*တိရစ္ဆာန်ဆရာဝန်များစွာတို့ကလည်း ခွေးရူးရောဂါ၏ ကြောက်စရာကောင်းပုံနှင့် ခွေးလေခွေးလွင့်များကို အစာတော့ကျွေးပြီး ဆေးစစ်သည်အထိ မချစ်ကြ၊ ဂရုမစိုက်ကြသည့်မိမိတို့၏ စရိုက်များကို ထောက်ပြသတိပေး ရေးသားခဲ့သည်ကို ဖတ်ရှုကြရမည် ထင်ပါသည်။ ခွေးလေခွေးလွင့်များရှင်းလင်းရေးနှင့် ပတ်သက်၍ မြို့အလိုက်၊ နယ်အလိုက် တာဝန်ရှိသူတို့လည်း ဘယ်ကစ၍ ဘယ်လိုကိုင်ရမည်ကို တွေးတောကြံဆဆဲ ဖြစ်မည်ထင်သည်၊ အကောင်အထည်တော့ မပေါ်လာသေး။*

*ခွေးသည်သစ္စာရှိသည်၊ ချစ်စရာကောင်းသည်၊ သင်ပေးလို့လွယ်သည် စသည်တို့ကြောင့် မွေးမြူကြမည်ဆိုလျှင်လည်း စနစ်တကျမွေးမှ ရောဂါကင်းမည်၊ အန္တရာယ်ကင်းမည်ကို ကျွန်တော်တို့အားလုံးသတိပြုကြဖို့လိုပါသည်။ ခွေးများသားပေါက်များလာ၍ မထိန်းနိုင်ကြလျှင် ဘုန်းကြီးကျောင်းပို့မည်၊ မမွေးချင်ကြတော့လျှင် လမ်းဘေးတွင် ဒီအတိုင်းပစ်ထားလိုက်မည်စသည်တို့ကြောင့် နောက်ဆက်တွဲပြဿနာအဖြစ် သတင်းစာ စာတည်းထံပေးစာ/အော်သံကဏ္ဍတွင် ခွေးလေခွေးလွင့်များ ရှင်းလင်းဖယ်ရှားပေးရန် စာများ ရေးသားပေးပို့တင်ပြကြသည်ကို အမြဲမပြတ်ဖတ်ရှုနေရခြင်း ဖြစ်သည်။*

*နိုင်ငံတစ်ဝန်းရှိ ခွေးလေခွေးလွင့်များကို စီမံချက်ဖြင့် ရှင်းလင်းဖယ်ရှားဖို့နဲ့ ခွေးများကိုစနစ်တကျမှတ်ပုံတင်၍မွေးမြူသည့်ပုံစံပြောင်းလဲကျင့်သုံးကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။* ။ ***(မောင်ဝေယံ)***

## မြန်မာ့ရုပ်မြင်သံကြား

**၁၆-၆-၂၀၁၂ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၀ | နံနက်ခင်းသတင်း |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၁း၅၀ | တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |

**ညပိုင်း**

| | |
|---|---|
| ၄း၄၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သမိုင်း၊ ပထဝီဝင်၊ စိတ်ပညာ၊အင်္ဂလိပ်၊ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ဒဿနိကဗေဒ အထူးပြုများ)(ဒဿနိကဗေဒ) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများတဲ့အချစ်**(အပိုင်း-၇) |
| ၈း၀၀ | ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား AMDA အဖွဲ့ President Dr. Shigeru SUGANAMI ဦးဆောင်သော အဖွဲ့သည် ဇွန် ၁၃ ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ Charged' Affaires,Mr. Michael E. Thurston သည် ညနေ ၃ နာရီတွင် လည်းကောင်း၊ Partnership for International Strategies in Asia-PISA မှ Director (PISA),Ms.Linda J. Yarr ဦးဆောင်သောအဖွဲ့သည်**(ယာပုံ)** ညနေ ၃ နာရီခွဲတွင်လည်းကောင်း အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။

AMDA အဖွဲ့နှင့် တွေ့ဆုံရာတွင် AMDA အဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ မိတ္ထီလာမြို့နှင့် ပခုက္ကူမြို့နယ်များ၌ ဆောင်ရွက်လျက်ရှိသော ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မိခင်မွေးကင်းစနှင့် ကလေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၏ ဆောင်ရွက်ချက်အောင်မြင်မှုများ တင်ပြခဲ့ပြီး ဆက်လက်၍ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့မှ အဆိုပါစီမံချက်ဒေသများသို့ လာရောက်လေ့လာမည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**လေ့ကျင့်သင်ကြား**

အမေရိကန်နိုင်ငံ သံရုံးအဖွဲ့နှင့် တွေ့ဆုံရာတွင် အမေရိကန်နိုင်ငံရှိ ဆေးတက္ကသိုလ်များ၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်များနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်တို့ နည်းပညာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် တိုးတက်ဖြစ်ထွန်းမှုအခြေအနေများ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ပံ့ပိုးမှုရရှိမှုအခြေအနေများ၊ မိခင်မွေးကင်းစနှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

Asia-PISA အဖွဲ့နှင့်တွေ့ဆုံရာတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ပြည်သူလူထု၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုများ၊ ရောဂါဖြစ်စေတတ်သော အင်းဆက်နှင့် ပိုးမွှားသဘာဝပြောင်းလဲမှုများဆိုင်ရာ ကိစ္စရပ်များအတွက် ပူးပေါင်းဆွေးနွေးရန်နှင့် ဆက်စပ်ဌာနနှင့် အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆွေးနွေး၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းသတ်မှတ်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသိန်းသိန်းအေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ ပူးတွဲကော်မရှင်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းအား UNMAS မှ ညွှန်ကြားရေးမှူး Ms.Agnses Marcaillou ခေါင်းဆောင်သော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ ပူးတွဲကော်မရှင်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) တို့ပူးပေါင်း၍ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဆန်နှင့် စားနပ်ရိက္ခာများ ဖြန့်ဝေပေးမှုအခြေအနေ၊ UNDP နှင့် ပူးပေါင်း၍ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ စားနပ်ရိက္ခာ ဖူလုံရေး၊ ကျေးလက်ဒေသ ဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ UNHCR နှင့် ပူးပေါင်း၍ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားအဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် တွေ့ဆုံဆွေးနွေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ယခုကုလသမဂ္ဂ ပူးတွဲကော်မရှင်အဖွဲ့မှ အဓိကဆွေးနွေးမည့် မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းများရှင်းလင်းရေး၊ မသန်စွမ်းသူများ ကူညီထောက်ပံ့ရေး လုပ်ငန်းစဉ်များတွင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ကော်မရှင် အဖွဲ့ခေါင်းဆောင် UNMAS မှညွှန်ကြားရေးမှူးက Mine Action နှင့်ပတ်သက်၍ ဖြစ်နိုင်သော နယ်ပယ်များကို လေ့လာသုံးသပ်ပြီး ကျွမ်းကျင်သူများနှင့် အဖွဲ့များဖွဲ့စည်းကာ ကွင်းဆင်းဆောင်ရွက်ရေး၊ မိုင်းအသိပညာပေးရေး၊ နည်းပညာထောက်ပံ့မှုနှင့် အကူအညီများရရှိရေး၊ မိုင်းနှင့်ပတ်သက်သည့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ အချက်အလက်များကို လေးစားလိုက်နာရေး၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော UNDP မှ Mr. Timothy Horner နှင့် UNICEF မှ Ms.Judy Grayson တို့က မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းကူညီဆောင်ရွက်မည့် နယ်ပယ်ကဏ္ဍများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ကျင်းပရာ ''မြန်မာအမျိုးသမီးထုစွမ်းဆောင်မှု တိုင်းကျိုးပြည်ပြုအစဉ်ရှေးရှု'' ဟူသောခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင်နေကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရဲထွန်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။** (အမျိုးသမီးရေးရာ)

✻ *ကျောဖုံးမှ*

၄။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာနယ်မြေအတွင်း မှတ်ပုံတင်သက်တမ်းတစ်လျှောက် အငှားယာဉ်အဖြစ်သာ အသုံးပြုရန်အတွက် ကုမ္ပဏီများမှ တင်သွင်းယာဉ်များအား **''နယ်မြေမပြောင်းရ၊ ကိုယ်ပိုင်ယာဉ်အဖြစ် ပြောင်းလဲခွင့်မပြု''** ကန့်သတ်ချက်ဖြင့် ၅၀ ရာခိုင်နှုန်းလျှော့ချကောက်ခံပါမည်။

၅။ အစိုးရဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်း၊ ကုမ္ပဏီတို့မှ အကျိုးတူပူးပေါင်းဆောင်ရွက်မှုအတွက်တင်သွင်းယာဉ်များတွင် မှတ်ပုံတင်သက်တမ်းတစ်လျှောက် Taxi အဖြစ်သာ အသုံးပြုရန်ဖြစ်ပါက **''ကိုယ်ပိုင်ယာဉ်အဖြစ်ပြောင်းလဲခြင်း၊ ရောင်းချ၍အမည်ပြောင်းလဲခြင်းခွင့်မပြု''** ကန့်သတ်ချက်ဖြင့် ၅၀ ရာခိုင်နှုန်း၊ Taxi အဖြစ်သုံးစွဲရန်မဟုတ်လျှင် **''ရောင်းချ၍ အမည်ပြောင်းခွင့်မပြု''** ကန့်သတ်ချက်ဖြင့် ၃၀ ရာခိုင်နှုန်း လျှော့ချကောက်ခံပါမည်။

၆။ တပ်မတော်နှင့် ဌာနဆိုင်ရာများမှ လေလံဖြင့်ရောင်းချပြီး ပြန်လည်မှတ်ပုံတင်ထားသည့် ယာဉ်များအား ပိုင်ရှင်ဆန္ဒအရဖျက်သိမ်း၍ အစားထိုးတင်သွင်းလိုလျှင် ကောင်း/ညံ့ မခွဲခြားဘဲ ၆၀ ရာခိုင်နှုန်းလျှော့ချ ကောက်ခံပါမည်။ ဖျက်သိမ်းရန်အတွက် ယာဉ်အမျိုးအမည်၊ အမျိုးအစားအလိုက် ထုတ်ပြန်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၇။ မှတ်ပုံတင်သက်တမ်းတစ်လျှောက် အငှားယာဉ် Taxi အဖြစ်သာအသုံးပြုရန်အတွက် တင်သွင်းလာသည့် မှတ်ပုံတင်ခလျှော့ပေါ့ကောက်ခံသည့် ယာဉ်များအား သာမန်ယာဉ်များနှင့် ရောထွေးမှုမဖြစ်စေရန်၊ တိုးတက်များပြားလာမည့် နိုင်ငံခြားခရီးသွားများအတွက် အဆင်ပြေစေရန်နှင့် ပြောင်းလဲမှုများ မပြုနိုင်စေရန်အတွက် သီးခြားယာဉ်အမှတ်အဖြစ် အောက်ခံအနီရောင်တွင် အင်္ဂလိပ်စာလုံး၊ ဂဏန်းအား အဖြူရောင်ဖြင့် AA-1001 မှ 9999 ထိ သီးခြားသတ်မှတ်ပေးသွားမည်ဖြစ်သည်။ AA ကုန်ဆုံးပါက BB, CC ဖြင့် ဆက်လက်သတ်မှတ်မည်ဖြစ်သည်။

၈။ သူနာတင်ယာဉ်များသည် အများပြည်သူ ကျန်းမာရေးကိစ္စအတွက် ဆောင်ရွက်နိုင်ရန် တင်သွင်းခြင်းဖြစ်သော်လည်း ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းပိုင်ယာဉ်များသည် အခကြေးငွေရယူဆောင်ရွက်ခြင်းဖြစ်၍ ပြည်ပတင်သွင်းသည့် ယာဉ်မှတ်ပုံတင်ခအဖြစ် ၁၀ ရာခိုင်နှုန်းကောက်ခံ၍ **''သူနာတင်ယာဉ်အမျိုးအစားမှ ပြောင်းလဲခွင့်မပြု''** ကန့်သတ်ချက်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၉။ နိဗ္ဗာန်ယာဉ်များအဖြစ် တင်သွင်းလာပါက နိဗ္ဗာန်ယာဉ်အဖြစ်မှ အခြားအမျိုးအစားသို့ ပြောင်းလဲခွင့်မပြုသဖြင့် **''နိဗ္ဗာန်ယာဉ်အမျိုးအစားမှ ပြောင်းလဲခွင့်မပြု''** ကန့်သတ်ချက်ဖြင့် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။ ယာဉ်မှတ်ပုံတင်အမှတ်ကို အနက်ရောင်အောက်ခံတွင် အဖြူရောင်ဖြင့် နိဗ္ဗာန်-၁၀၁ မှ သီးခြားသတ်မှတ်သွားမည်ဖြစ်ပါသည်။

၁၀။ အထက်ဖော်ပြပါ ယာဉ်အိုယာဉ်ဟောင်းအစားထိုးတင်သွင်းခြင်းနှင့် Taxi အငှားယာဉ်အဖြစ် တင်သွင်းလာသည့် ယာဉ်များမှအပ ကျန်ယာဉ်များအား ထုတ်ပြန်ထားသည့် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခနှုန်းထားများအတိုင်းသာ ကောက်ခံမည်ဖြစ်ပါသည်။

၁၁။ ထရော်လာဂျီယာဉ်များ မှတ်ပုံတင်ရာတွင် ပြည်ပထုတ်ယာဉ်ဖြစ်က အကောက်ခွန်ပေးဆောင်ပြီးကြောင်းပြေစာဖြင့်လည်းကောင်း၊ ပြည်တွင်းထုတ်ယာဉ်ဖြစ်က အရောင်းပြေစာဖြင့်လည်းကောင်း မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ နိုင်ငံတကာစံနှုန်းထက်ကျော်လွန်သည့် စက်စွမ်းအားနှင့် အတိုင်းအတာများအရ မော်တော်ယာဉ်တစ်စီးကဲ့သို့ ဖြစ်နေသော ယာဉ်များအား ထရော်လာဂျီယာဉ်အဖြစ် မှတ်ပုံတင်ခွင့်ပြုနိုင်မည်မဟုတ်ပါ။ သို့သော် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၎င်းနယ်နိမိတ်အတွင်းသာ သွားလာရန်ကန့်သတ်ချက်ဖြင့် စိစစ်ထောက်ခံလာပါက အထူးကိစ္စအဖြစ် မှတ်ပုံတင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၁၂။ သုံးဘီးမော်တော်ဆိုင်ကယ်များအားလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၎င်းနယ်နိမိတ်အတွင်းသာ သွားလာရန်ကန့်သတ်ချက်ဖြင့် စိစစ်ထောက်ခံလာပါက အထူးကိစ္စအဖြစ် အငှားယာဉ်အဖြစ် မှတ်ပုံတင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၁၃။ ၂၀၁၂ ခုနှစ် ဇွန်လ ၅ရက်နေ့မှစ၍ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအားလည်း (၄)လကာလအတွင်း တရားဝင်လာရောက်မှတ်ပုံတင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက ဒေသအသီးသီး၌ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ဆိုင်ကယ်များ၊ ထရော်လာဂျီများ၊ သုံးဘီးဆိုင်ကယ်များအား ဆိုင်တင်ရောင်းချကြောင်းစိစစ်တွေ့ရှိရပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၄။ ထို့အပြင် ကိုယ်ပိုင်ယာဉ်မောင်းသူများနှင့် ယာဉ်နောက်လိုက်များအတွက် အဆင်ပြေစေရေး စိတ်ချမ်းမြေ့စေရေးအတွက် မော်တော်ဆိုင်ကယ်နှင့်ကိုယ်ပိုင်မော်တော်ယာဉ်မောင်းလိုင်စင်များ၊ စပယ်ယာလက်မှတ်ရောင်းလိုင်စင်များအား မှတ်ပုံတင်သက်တမ်းကာလ (၃)နှစ်အစား (၅)နှစ်သို့ တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ခရီးသွားပြည်သူများ အန္တရာယ်ကင်းစေရေးအတွက် အငှားယာဉ်မောင်းလိုင်စင်များကိုမူ မူလ (၃)နှစ်သက်တမ်းသာထားရှိဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၅။ စီမံချက်စတင်ချိန်သည်မှ ၁၄-၆-၂၀၁၂ရက်ထိ ပြည်ပမှတင်သွင်းလာပြီး ကနဦး မှတ်ပုံတင်ဆောင်ရွက်သည့် မော်တော်ယာဉ်များမှာ စုစုပေါင်း ၂၇၉၇၁ စီးရှိပြီး အဆိုပါ ယာဉ်များအတွက် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခအဖြစ် FEC/အမေရိကန်ဒေါ်လာစုစုပေါင်း ၉၇ဒသမ ၃၅သန်း ကောက်ခံရရှိခဲ့ပါသည်။ ကောက်ခံရရှိသည့် ငွေများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုလျှော့နည်းစေရေးအတွက် တည်ဆောက်မည့် ခုံးကျော်တံတားများတည်ဆောက်ရာတွင် ကျခံသုံးစွဲသွားမည်ဖြစ်ပါသည်။

**(ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**

❖ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် Marubeni Aerospace Corporation မှ Programs Manager, Mr. Shouchi Satoh တို့က အမှာစကားပြောကြားကြပြီး မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းက အသေးစား ကမ္ဘာမြေပြင်လေ့လာရေးဂြိုဟ်တု လွှတ်တင်နိုင်ရေးအတွက် မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အသေးစား ကမ္ဘာမြေပြင် လေ့လာရေးဂြိုဟ်တု လွှတ်တင်နိုင်ရေးအတွက် ပထမအဆင့်ဖြစ်နိုင်ခြေလေ့လာခြင်း အသိအမှတ်ပြုစာလွှာကို Marubeni Aerospace Corporation မှ Programs Manager ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် Marubeni Aerospace Corporation မှ Programs Manager တို့က တက်ရောက်လာကြသည့် ပြည်တွင်းသတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် အသေးစား ကမ္ဘာမြေပြင်လေ့လာရေးဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၅၀၀ အမြင့်တွင် လွှတ်တင်ကာ ဝင်ရိုးစွန်းလည်ပတ်စနစ် (Polar Orbit) ဖြင့် လည်ပတ်နေမည်ဖြစ်ပြီး ဂြိုဟ်တု၏ Design Life မှာ ခုနစ်နှစ်ဖြစ်၍ ဝင်ရိုးစွန်းသို့ တစ်ပတ်ပတ်ပြီး မြန်မာနိုင်ငံပေါ်သို့ ပြန်လည်ရောက်ရှိရန် ငါးရက်ကြာမြင့်မည် ဖြစ်သည်။ ကမ္ဘာမြေပြင် လေ့လာရေးဂြိုဟ်တု လွှတ်တင်နိုင်ခြင်းဖြင့် မြစ်ရေကြီးမှု၊ မြေလျှောင်လှုပ်ရှားမှု၊ မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များကို ဆန်းစစ်လေ့လာခြင်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာမှုများ၊ သစ်တောဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆန်းစစ်လေ့လာခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါဂြိုဟ်တုများကို အိမ်နီးချင်း နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် ကိုယ်ပိုင်ဂြိုဟ်တုများလွှတ်တင်အသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အာကာသဆိုင်ရာ လေ့လာရေးနည်းပညာများ၊ ဂြိုဟ်တုမှတ်တမ်းများမှတစ်ဆင့် မဟာဗျူဟာများရေးဆွဲခြင်း၊ ဂြိုဟ်တုအသုံးပြုဆက်သွယ်ရေး နည်းစနစ်များနှင့် တက္ကသိုလ်များတွင် အာကာသနည်းပညာဆိုင်ရာ သင်ကြားမှုများအတွက် ဂျပန်နိုင်ငံမှ ကူညီပံ့ပိုးမည့်အစီအစဉ်ရှိကြောင်း သိရှိရသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူတစ်ဦးကလည်း မြန်မာနိုင်ငံအနေဖြင့် အာကာသနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်မည့် စီမံကိန်းဖြစ်သည့်အတွက် ဆောလျင်စွာအကောင်အထည်ဖော်နိုင်ပါက များစွာ အကျိုးရှိမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သုံးသပ်ပြောကြားသွားသည်။ **(သတင်းစဉ်)**

# အမရပူရမြို့နယ်၌ သုံးဘီးယာဉ်လိုင်းသစ်ဖွင့်

မြစ်ငယ် ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ စက်ကွေ့ရပ်(ရန်ကုန်-မန္တလေး)ကားလမ်းဘေးတွင် ဇွန် ၁၂ ရက် နံနက် ၉ နာရီက တောင်သမန်ဦး သုံးဘီးမော်တော်ယာဉ်အသင်း လိုင်းသစ်ဖွင့်ပွဲကျင်းပသည်။

အဆိုပါ သုံးဘီးယာဉ်လိုင်းသည် အမရပူရမြို့နယ်အတွင်း အခြားယာဉ်လိုင်းများ ပြေးဆွဲခြင်းမရှိသေးသည့် ကျေးရွာအုပ်စုများသို့ နေ့စဉ် နံနက် ၆ နာရီမှ စတင်ပြေးဆွဲပြီး ယာဉ်လိုင်းပြေးဆွဲရာတွင် မိုးသောက်နှင်းကုမ္ပဏီက ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး တရုတ်နိုင်ငံမှ ထုတ်လုပ်သော " ဟုန်လယ် "(Honlei) အမှတ်တံဆိပ်ပါ သုံးဘီးယာဉ် အစီး ၁၀၀ ဖြင့် ခရီးစဉ်လေးခုအတွက် စတင်ပြေးဆွဲခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ဝဲပုံ)** (၁၅၉)

## ဆွေးနွေးပြောကြား

**ဇွန် ၁၄ ရက်က ရွှေပြည်သာမြို့နယ် အထက(၃) ပညာရတနာခန်းမ၌ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဟောပြောဆွေးနွေးပွဲ ကျင်းပရာ တာဝန်ခံပညာရေးမှူး ဦးသက်ဦး ဆွေးနွေးပြောကြားစဉ်။** (၁၆၆)

# မီဒီယာ၊ သတင်းနှင့် ကျင့်ဝတ်

## ကျော်ဦးဆွေ

**မီဒီယာ**ဆိုသည်နှင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားများအပါအဝင် ယင်းတို့နှင့်ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နေသူအားလုံးကို ပြေးမြင်ကြသည်။ ကားဆိုသော အင်္ဂလိပ်ဝေါဟာရကို မြန်မာဘာသာသို့ ပြန်ဆိုပေးရန် မလိုအပ်သကဲ့သို့ပင် မီဒီယာဆိုသောဝေါဟာရကိုလည်း မြန်မာတို့က သိရှိနားလည်ကြပြီးဖြစ်သည်။ မီဒီယာဆိုသည်မှာ လူထုဆက်သွယ်ရေးကဏ္ဍ၌ ကြားခံအဖြစ် ဆောင်ရွက်သော လူပုဂ္ဂိုလ်၊ လုပ်ငန်းနှင့်ပညာရပ်စသည်တို့ကို ခြုံငုံသည်ဟု အင်္ဂလိပ်-မြန်မာ အဘိဓာန်က ဆိုသည်။ တစ်ချိန်က မီဒီယာဆိုသည်ကို ပုံနှိပ်လုပ်ငန်းများနှင့် အသံလွှင့်လုပ်ငန်းများအတွက်သာ မှတ်ယူထားခဲ့ကြသော်လည်း နည်းပညာတိုးတက်လာချိန်၌ ကွန်ပျူတာနှင့် အင်တာနက်ဆက်သွယ်ရေးကို အသုံးပြုဖြန့်ချိသည့် သတင်းလုပ်ငန်းကိုပါ ပေါင်းစပ်ခံယူလာကြသည်။ ထို့ကြောင့် ယနေ့ မီဒီယာဟုဆိုလိုက်လျှင် ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းလုပ်ငန်း၊ အသံလွှင့်ခြင်းလုပ်ငန်းနှင့် ကွန်ပျူတာ၊ အင်တာနက် အသုံးပြု၍ သတင်းဖြန့်ချိခြင်းလုပ်ငန်းကိုပါ ထည့်သွင်းဖော်ပြလာခဲ့ကြသည်။

**သတင်း**ဟူသည်ကို မကြားသိရသေးသော ထူးခြားသည့် ဖြစ်ပျက်မှု၊ နေ့စဉ်နှင့်အမျှဖြစ်ပျက်နေသော ကိစ္စများဟု အခြေပြသတင်းစာပညာ(ဂါဒီယန်းဦးစိန်ဝင်း၏)စာအုပ်၌ အဓိပ္ပာယ်ဖွင့်ထားသည်။ အဖြစ်အပျက်များဖြစ်ပေါ်လာပုံနှင့် ထိုသို့ဖြစ်ပျက်ရသော အကြောင်းခြင်းရာများသည် ကာလဒေသလိုက်၍ ထူးခြားသော သတင်း ဟုတ်၊ မဟုတ် သုံးသပ်ရသည်ဟုလည်း ဆိုသည်။ လူသန်းခုနစ်ထောင်ကျော်ရှိလာပြီဖြစ်သော ယနေ့ကမ္ဘာကြီး၌ သဘာဝအကြောင်းတရားများစွာနှင့် လောကီဖြစ်ရပ်ဖြစ်စဉ်ပေါင်းများစွာတို့သည် ထူးခြားသောသတင်းအဖြစ်အပျက်များအဖြစ် နေ့စဉ်နေရာယူလာကြသည်။ နည်းပညာတိုးတက်မှုကြောင့် ပုံနှိပ်ထုတ်ဝေသည့် သတင်းစာနှင့် စာအုပ်၊ စာစောင်များကိုသာ စောင့်ဖတ်ကြရသည့်အနေအထားမှ ရေဒီယို၊ ရုပ်မြင်သံကြားတို့သာမက တိုးတက်လာသော အင်တာနက်သတင်းဖြန့်ချိခြင်း နည်းပညာတို့ကြောင့် စက္ကန့်ပိုင်းအတွင်း ကမ္ဘာတစ်ဝန်းသို့ သတင်းအဖုံဖုံ ပျံ့နှံ့ရောက်ရှိလာခဲ့သည်။

သတင်းခေတ်ဟု သုံးစွဲခေါ်ဝေါ်လာကြသောအခါ အထက်၌ဆိုခဲ့သည့် မီဒီယာနှင့်သတင်းကဏ္ဍမှာ အထူးအရေးပါလာသည်။ မီဒီယာလုပ်ငန်းအမျိုးမျိုးကို အခြေပြု၍ သတင်းများကို ဖြန့်ချိလာကြသဖြင့် ယင်းတို့အပေါ် လူတို့၏ယုံကြည်မှုဆိုသည်ကလည်း အရေးပါလာပြန်သည်။ ထိုအခါ ယင်းလုပ်ငန်း၌ အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်ဆောင်ရွက်နေကြသည့် ဆက်စပ်ပုဂ္ဂိုလ်အားလုံးအတွက်လည်း လိုက်နာကြရမည့်ကျင့်ဝတ်ဆိုသည်က အဓိကဖြစ်လာသည်။ **ကျင့်ဝတ်** ဆိုသည်ကို "ထိန်းသိမ်းစောင့်ရှောက်လိုက်နာကျင့်သုံးအပ်သော အမူကိစ္စ၊ အကျင့်၊ ကျင့်စဉ်၊ ကျင့်ထုံး" ဟု မြန်မာအဘိဓာန်အကျဉ်းချုပ်က ဆိုသည်။ စာနယ်ဇင်းကျင့်ဝတ်နှင့်ပတ်သက်၍ ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီကရေးသားချမှတ်ခဲ့သော အချက်(၁၁)ချက်ရှိခဲ့သည်။ ထိုမျှသာမကသေး၊ စာနယ်ဇင်းကျင့်ဝတ်ဆိုသည့်အပြင် စာနယ်ဇင်းတို့၏ အစဉ်အလာအရလိုက်နာရမည့် ကျင့်ဝတ်ဟူ၍လည်းရှိပြီး ယင်း၌ မူအရလိုက်နာရသောကျင့်ဝတ်နှင့် လုပ်ငန်းအရ လိုက်နာရသောကျင့်ဝတ်ဟူ၍ ချမှတ်ထားကြောင်း အခြေပြသတင်းစာပညာစာအုပ်က ဆိုထားပြန်သည်။

စင်စစ်တွင် ဤဆောင်းပါးသည် မီဒီယာ၊ သတင်းနှင့် ကျင့်ဝတ်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုလို၍ ရေးသားနေခြင်း မဟုတ်။ သို့သော် ထောက်ပြပြောဆိုလိုသော အကြောင်းအရာအတွက် မပါမဖြစ်သော ဝေါဟာရအားလုံးတို့ကလည်း အရေးကြီးပြန်သဖြင့် ယခုကဲ့သို့ နိဒါန်းပျိုးခဲ့ရခြင်းဖြစ်သည်။ ဆောင်းပါး၏အဓိကရည်ရွယ်ရင်းမှာ ပြီးခဲ့သော ရက်သတ္တပတ်များအတွင်းက ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများနှင့် နိုင်ငံတော်အစိုးရက ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်မှု၊ ဒေသခံတို့အား ထောက်ပံ့ကူညီစီမံပေးခဲ့မှုများအပေါ် မီဒီယာအသီးသီးက သတင်းရေးသားဖြန့်ချိမှုများနှင့်စပ်လျဉ်း၍ သင်ခန်းစာထုတ်နုတ်ရယူရန်ဖြစ်သည်။

မေလ ၂၈ ရက်နေ့မှ ဇွန်လ ၁၃ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သည့် အထက်ပါဖြစ်စဉ်၊ ဖြစ်ရပ်များကို ပြန်လည်သုံးသပ်ပါက လူစုလူဝေးဖြင့်ဥပဒေမဲ့ပြုမူဆောင်ရွက်မှုများ ဖြစ်ပေါ်ခြင်း၊ ယင်းမှတစ်ဆင့် မင်းမဲ့စရိုက်ဆန်ဆန် ပြစ်မှုကျူးလွန်မှုများ ပေါ်ပေါက်လာခြင်း၊ နိုင်ငံတော်အစိုးရက ၄င်းပြစ်မှုကျူးလွန်သူများကို တိကျသေချာစွာ ဖော်ထုတ်အရေးယူနိုင်ရန်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ပြည်နယ်အတွင်း နယ်မြေဒေသအလိုက် လူစုလူဝေးများဖြင့် ဆူပူအကြမ်းဖက်လာခြင်း၊ နိုင်ငံတော်အစိုးရက သက်ဆိုင်ရာနယ်မြေ လူထုကို ထိန်းသိမ်းကာကွယ်ပေးနိုင်ရန်လိုအပ်သည့်အမိန့်များ ထုတ်ပြန်ဆောင်ရွက်ခြင်း၊ ဝိုင်းဝန်းထိန်းသိမ်းနိုင်ရန် ဘာသာရေးအသင်းအဖွဲ့ကြီးအသီးသီးက ကြေညာချက်များ ထုတ်ပြန်ခြင်း၊ နိုင်ငံတော်သမ္မတက ရခိုင်ပြည်နယ်အတွင်းဖြစ်စဉ်၊ ဖြစ်ရပ်များအား သတိတရားကို အခြေခံ၊ အသိတရားနှင့်မေတ္တာတရားကို ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းထိန်းသိမ်းဆောင်ရွက်ကြရန် မိဘပြည်သူများသို့ မေတ္တာရပ်ခံခြင်း၊ ရခိုင်ပြည်နယ်တွင် အရေးပေါ်အခြေအနေကြေညာ၍ ကြပ်မတ်ထိန်းသိမ်းခြင်း၊ တည်ငြိမ်အေးချမ်းမှုကို အန္တရာယ်ပြုသည့် ဆူပူအကြမ်းဖက်လိုသူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းအရေးယူခြင်း၊ ဆူပူအကြမ်းဖက်မှုကြောင့် ဘေးဒုက္ခရရှိခံစားခဲ့ကြရသော ဒေသခံလူထုများကို နိုင်ငံတော်အစိုးရက ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ စောင့်ရှောက်ကူညီခြင်း၊ ဒေသခံပြည်သူလူထုများအတွက် ကယ်ဆယ်ရေး အကူအညီနှင့်အလှူငွေများ ရရှိနိုင်ရန်နိုင်ငံတစ်ဝန်းသို့ ဖိတ်ခေါ်ကြေညာ၍စုစည်းကောက်ခံပေးပို့လှူဒါန်းခြင်း၊ တည်ငြိမ်အေးချမ်းမှုရရှိစေရန်အတွက် ဆက်လက်ကာကွယ်စောင့်ရှောက်ထိန်းသိမ်းဆောင်ရွက်ပေးခြင်း အစရှိသည့် ဖြစ်စဉ်အဆင့်ဆင့်ကို တွေ့ရှိကြရမည် ဖြစ်ပါသည်။

ယခင်ခေတ်နှင့်မတူ တစ်မူထူးခြားသည်မှာ အထက်ပါဖြစ်စဉ်၊ ဖြစ်ရပ်အဆင့်ဆင့်ကို နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံပိုင်သတင်းစာများ၌လည်းကောင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့၌လည်းကောင်းအချိန်နှင့်တစ်ပြေးညီ သတင်းများ ထုတ်ပြန်မှုပြုပေးခဲ့ခြင်းပင် ဖြစ်သည်။ ဖြစ်စဉ်၊ ဖြစ်ရပ်တစ်ခု ဖြစ်လျှင်ဖြစ်ချင်း ၄င်းအကြောင်းခြင်းရာအား တိကျမှန်ကန်သော သတင်းဦးအဖြစ် ပြည်သူလူထု သိရှိနိုင်ရန် အလျင်မြန်ဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်းလည်း တွေ့ရသည်။ သတင်းမီဒီယာသမားတို့သည်ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဖြစ်စဉ်၊ ဖြစ်ရပ်များအား မှန်ကန်တိကျစွာ အမြန်ဆုံးသိရှိနိုင်ရန်အတွက် ကြိုးပမ်းရသကဲ့သို့ တစ်ဖက်၌လည်း ယင်းသတင်းများကို အခြေပြု၍ ဖြစ်စဉ်၊ ဖြစ်ရပ်များ ပိုမိုကြီးမားကျယ်ပြန့်လာခြင်းမရှိစေရန်၊ သံသယနှင့်အာဃာတများပြန့်ပွားခြင်း မရှိစေရန်နှင့် ပြည်သူလူထု၏ စိတ်နှလုံးထိခိုက် ညှိုးနွမ်းခြင်းမရှိစေရန်အတွက်ပါ မျှတစွာ သုံးသပ်ထိန်းသိမ်းဆောင်ရွက်ပေးရသည့် ကျင့်ဝတ်များနှင့်အညီ အတတ်နိုင်ဆုံး ကြိုးပမ်းထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့ရသည်။

သို့သော်လည်း အထက်ပါဖြစ်စဉ်၊ ဖြစ်ရပ်များနှင့်ပတ်သက်၍ အင်တာနက်ဆက်သွယ်ရေးအသုံးပြု ဖြန့်ချိသော အွန်လိုင်းမီဒီယာများနှင့်အချို့သောအသံလွှင့်နှင့် ပုံနှိပ်မီဒီယာများ၏ သတင်းရေးသားမှုနှင့်အချက်အလက်၊ ဓာတ်ပုံများဖော်ပြမှုတို့မှာမူ အထူးစိတ်မကောင်းစရာဖြစ်ခဲ့ရသည်။ လွတ်လပ်စွာရေးသားဖော်ပြခွင့်ဆိုသည့် လွတ်လပ်မှုတစ်ခုတည်းအပေါ်တွင်သာအကြောင်းပြု၍ မိမိသတင်းအတွက် မိမိတာဝန်ယူခြင်း၊ မိမိသတင်းအတွက် မိမိ၏ ဆင်ခြင်တုံတရားနှင့်ဆောင်ရွက်ခြင်းအစရှိသည်တို့ကိုစိုးစဉ်းမျှ လေးစားလိုက်နာမှု မရှိခဲ့ကြ။ အလားတူ စာနယ်ဇင်းကျင့်ဝတ်ပါ မူအရလိုက်နာရမည့်ကျင့်ဝတ်ဆိုသည်တို့ကိုလည်း ကျင့်သုံးဆောင်ရွက်ခြင်း အလျှင်းမရှိခဲ့ကြပေ။ စိတ်ခံစားချက်နှင့် ဘက်လိုက်ရေးသားမှုမပြုခြင်းဆိုသည်နှင့်အကြောင်းအရာတစ်ရပ်ကို ဘက်စုံထောင့်စုံမှ လေ့လာပြီးမှသာ ရေးသားဖော်ပြခြင်းဆိုသည်ကိုလည်း မပြုခဲ့ကြပေ။ အလွန်ထူးခြားသော သတင်းတစ်ပုဒ်ဖြစ်၍ မိမိအတွက် အထူးအကျိုးရှိမည် ဖြစ်လင့်ကစား ယင်းသတင်းကိုရေးသားဖော်ပြခြင်းကြောင့် တိုင်းပြည်နှင့်လူမျိုး ထိခိုက်နစ်နာနိုင်ပါကမည်သည့်အကျိုးကိုသာ ဦးစားပေးသင့်သည်ဆိုသော ခံယူလိုက်နာမှုမျိုးကိုလည်း မတွေ့ခဲ့ရပေ။ ထိုသို့သော မီဒီယာအသီးသီး၏ သတင်းအချက်အလက်၊ ဓာတ်ပုံများကိုသေချာစွာစုစည်းသုံးသပ်ကြည့်ပါလျှင် ယင်းတို့ကြောင့် လေ့လာဖတ်ရှုသူပြည်သူလူထုအကြား မုန်းတီးမှု၊ လက်စားချေလိုမှု၊ မင်းမဲ့စရိုက်ဆန်မှုနှင့် အခြားသော အမှောင့်ပယောဂများပါဝင်ပူးကပ်လာနိုင်မှုတို့ကိုသာ ဖြစ်ပေါ်စေရာအကြောင်းရှိသည်။ ပြည်သူလူထုနှင့်အစိုးရတို့၏ ဒီမိုကရေစီဖော်ဆောင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို နှောင့်နှေးမှုဖြစ်ပေါ်စေရုံသာမက ထိခိုက်ပျက်စီးဆုံးရှုံးမှု အန္တရာယ်ကိုပင် ကြုံတွေ့ရနိုင်ပါသည်။

ယင်းသို့သော အခြေအနေများကြောင့် မီဒီယာအများစု အခြေပြုလုပ်ငန်းဆောင်ရွက်လျက်ရှိကြသော ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြစ်ပေါ်လာနိုင်သော အခြေအနေအရပ်ရပ်ကို ကြိုတင်ကာကွယ်ထိန်းသိမ်းသည့်အနေဖြင့် မီဒီယာများအား တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ ဝန်ကြီးချုပ်က မီဒီယာလုပ်ငန်းဆောင်ရွက်နေသူများသည်နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာဥပဒေကို လေးစားလိုက်နာကြရမည့်အပြင် တစ်ဖက်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသော သက်ဆိုင်ရာအချက်များကိုလေးစားလိုက်နာကြရန်လိုအပ်ကြောင်းနှင့် လိုက်နာမှုမရှိခဲ့ပါက အုပ်ချုပ်မှုကြောင်းအရ အရေးယူခံကြရမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်ဟု သိရသည်။ အလားတူ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ရခိုင်ပြည်နယ် ဖြစ်စဉ်၊ ဖြစ်ရပ်များကို ရေးသားပုံနှိပ်ထုတ်ဝေလိုပါက ၁၉၆၂ ခုနှစ် ပုံနှိပ်သူနှင့်ထုတ်ဝေသူဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် သတိပေးပြောကြားခဲ့သည်ဟု သိရသည်။ထို့ကြောင့် မီဒီယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေကြသည့် စတုတ္ထမဏ္ဍိုင်အနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ကြိုတင်ကာကွယ်ထိန်းသိမ်းနိုင်ရန် သတိပေးပြောကြားမှုများကို လိုက်နာဆောင်ရွက်ကြစေလိုသည်။ စာနယ်ဇင်းကျင့်ဝတ်အရလည်း လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိပါသည်။ အမျိုးသားရေးကို ရှေးရှု၍ ပူးပေါင်းလိုက်နာဆောင်ရွက်ကြပါလျှင် နိုင်ငံနှင့်ပြည်သူပြည်သား အလုံးစုံတို့အတွက် ကြည်နူးဝမ်းမြောက်စရာ ဖြစ်ပါလိမ့်မည်။

ယနေ့အချိန်သည် နိုင်ငံတော်အစိုးရအနေဖြင့် ဆူပူအကြမ်းဖက်မှုများကို ထိန်းသိမ်းနိုင်ပြီး တည်ငြိမ်အေးချမ်းမှု ပြန်လည်တည်ဆောက်ထားနိုင်ပြီဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်သည်။ ထိုသို့သော အခါသမယတွင် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြီးများအား ထိန်းကျောင်းတည့်မတ်ရန်နှင့် ပြည်သူဆိုသော မဏ္ဍိုင်က အားထားယုံကြည်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်ရသည့် စတုတ္ထမဏ္ဍိုင်၏ကဏ္ဍသည် အရေးပါသည်ထက်ပါလာလျက်ရှိသည်။ ထို့ကြောင့်ပင်လျှင် စတုတ္ထမဏ္ဍိုင်ဟုခံယူလုပ်ဆောင်လျက်ရှိကြသည့် မီဒီယာလုပ်ငန်းအသီးသီးသည်လည်းကောင်း၊ လူပုဂ္ဂိုလ်အသီးသီးသည်လည်းကောင်း ပြဋ္ဌာန်းထားသော ဥပဒေများ၊ စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ အမျိုးသားရေးကို ရှေးရှုလျက် အနာဂတ် မိမိတို့မဏ္ဍိုင်ကို လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့်ဆင်ခြင်တုံတရားတို့အပေါ် သဟဇာတ ညီညွတ်စွာ ကျင့်သုံးလိုက်နာ ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းဖော်ပြလိုက်ရပါသည်။ ။

---

▲ *ကျော့ဖုံးမှ*

ယာဉ်အို ယာဉ်ဟောင်းများလဲလှယ်ပေးမှုအစ စ၊ ဆ၊ ဇ စတဲ့အက္ခရာတွေကညန သို့သွင်းစဉ်ကာလမှာ ကားစလစ်ဈေးက ကျပ်သိန်း ၁၄၅နဲ့ ၁၅၀ အထိ မြင့်တက်ခဲ့ပြီး ဟံသာဝတီကားဝိုင်းအတွင်းမှာ ကားအကျိုးဆောင်တို့ ခြေချင်းထပ်မျှ အရောင်းအဝယ်အလုပ်ဖြစ်ခဲ့ကြပါတယ်။ အကျိုးအမြတ်များ ထိထိရောက်ရောက်ရလိုက်ကြတယ်လို့ သိရပါတယ်။

**တင်သွင်းခွင့်ပြု**

**'နံ'** အက္ခရာများလက်ခံချိန်မှာ လူတိုင်းကားစီးနိုင်ရေးအတွက် ကားတင်သွင်းခွင့်ပြုလိုက်တဲ့အခါ အထက်ကဆိုခဲ့သလို ဝိုင်းထဲမှာ ကားဈေးကွက်က ရပ်တန့်သွားတဲ့အထိ ဖြစ်ခဲ့ရပါတယ်လို့လည်း ပြောလာပါတယ်။ အဲဒီကာလမှာ ကားစလစ်ဈေးက ကျပ်သိန်း ၆၀ နဲ့ ၆၅ သိန်းကြားပဲရှိတော့တယ်လို့ ဝယ်ရောင်းသမားတစ်ဦးကလည်း ဆိုလာပါတယ်။

ဆက်လက်ပြီး အမြင့်ကားတွေ စုစည်းရာနေရာကို စာရေးသူ ရောက်တဲ့အခါ ဝယ်ရောင်းလူငယ်တစ်ဦးက"အခုရက်ပိုင်းအတွင်း သူ့ဈေးနဲ့သူ ပုံမှန်လေးတော့ အရောင်းအဝယ်ဖြစ်ပါတယ်။ ဒါပေမယ့် အရင်ကလောက် အလုပ်မဖြစ်တော့ဘူး" ဟု ဆိုခဲ့ပါတယ်။

၂၀၀၇ မော်ဒယ်တွေပါ တင်သွင်းခွင့်ပြုပြီးတဲ့နောက် အမြင့်ကားတွေက တစ်စီးကို အနည်းဆုံး ကျပ်သိန်း ၁၀၀ လောက်စီ ဈေးလျော့လျော့လာတယ်။ ကားမြင့်လေ ကျပ်သိန်း ၁၀၀ ထက် ပိုလျော့လေဟု သိခွင့်ရခဲ့ပြန်ပါတယ်။

အရင်က ငွေကျပ်သိန်း ၃၀၀ လောက်နဲ့ ကားကောင်း(အမြင့်ကား) နား မကပ်နိုင်ပေမယ့် ယခုအခါ ကားကောင်း(အမြင့်ကား)အတော်များများကို ခေါင်းခေါက်ရွေးပြီး စီးလာနိုင်ပြီဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရပါတယ်။

ဒါ့အပြင် အင်္ဂလိပ်ဝါဒအလိုက် ကညနအခွန်များ လျော့လာတာနဲ့အမျှ ဟံသာဝတီကားဈေးကွက်အတွင်း ကားဈေးတွေလည်း ဆက်လက်ကျဆင်းနေဦးမယ်လို့ စုံစမ်းသိရှိရပါတယ်။ ။

---

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် **Women in Science, Engineering and Technology International Conference 2012 (WISET 2012)** သို့ တက်ရောက်၍ စာတမ်းတင်သွင်းဖတ်ကြားမည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်စီသန်း(အင်ဂျင်နီယာမှူးကြီး၊ (တံတား)တံတားဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)နှင့် ဒေါက်တာခင်သန်းယု (ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်)တို့ လေကြောင်းခရီးဖြင့် မထွက်ခွာမီ လိုက်လံပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။

(မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)

---

## ကြည့်မြင်တိုင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၅

ကြည့်မြင်တိုင်မြို့နယ် သရက်တော(တောင်/မြောက်) (၂)ရပ်ကွက်၌ မိုးပွင့်အဆင့်(၁)၊ အဆင့်(၂) စီမံချက်များဆောင်ရွက်စဉ် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့သော နိုင်ငံသားအရည်အချင်းပြည့်မီသူ ၆၁ ဦးတို့အား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဌေးဝင်းနှင့် ဝန်ထမ်းများက ဇွန် ၁၃ ရက်က ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးကြသည်။ ကွင်းဆင်းဆောင်ရွက်ရာသို့ ကြည့်မြင်တိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူတို့က ကြီးကြပ်၍ လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (၀၄၂)

---

## ကြာအင်းဆိပ်ကြီးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ကြာအင်းဆိပ်ကြီး ဇွန် ၁၅

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အခြေခံပညာ အထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ မေ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးစောဆာလောလတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ပြည်နယ်ပညာရေးမှူး(စစ်ဆေးရေး) ဦးစောသန်းထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းတို့က ကျောင်းအပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

**ပေးအပ်**

ထို့နောက် ပညာရေးစေတနာရှင်များက ထောက်ပံ့သော အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြပြီး ကျောင်းနေရန်ခက်ခဲသော ကလေးများအား ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနနှင့်ပြည်နယ်အစိုးရအဖွဲ့၊ စေတနာရှင်မိဘပြည်သူများ၊ ဌာနဆိုင်ရာများ၏ စုစုပေါင်းလှူဒါန်းမှုမှာ ပစ္စည်းနှင့် ငွေသားတန်ဖိုး ငွေကျပ် ၃၁၉ ဒသမ ၅ သိန်းဖြစ်ကြောင်း သိရှိရသည်။ **(ပညာရေး)**

---

❒ *ကျော့ဖုံးမှ*

*ငွေသွားရောက်ထုတ်ယူသူတစ်ဦးက ပြောကြားသည်။*

*ဗဟိုဘဏ်အနေနှင့် ငွေစက္ကူအသစ်ထုတ်ဝေရာတွင် အများပြည်သူများအကြား ငွေကြေးဖောင်းပွမှု မရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားထုတ်ဝေပြီးသား ငွေစက္ကူများကိုလည်း ဆက်လက်သုံးစွဲနိုင်ကြောင်း ပြည်တွင်းထုတ်ဂျာနယ်များနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။*

***ပြောကြား***

*"အခုပဲဘဏ်မှာလဲလာခဲ့တာပါ။ အားလုံးအဆင်ပြေအောင် တစ်ယောက်ကို ငါးရွက်နှုန်းနဲ့ လဲပေးနေတာကို တွေ့ရပါတယ်။ ဘဏ်တွေမှာအရွက်တွေကို ဒီအတိုင်းတော့ လဲလှယ်မပေးပါဘူး၊ ငွေလွှဲခြင်း၊ ငွေထုတ်ခြင်းတွေမှာတော့ အဆင်ပြေသလိုထည့်ပေးနေတာဖြစ်ပါတယ်။ လက်ရှိမှာတော့ အသစ်ထွက်ပေါ်လာတဲ့ ကျပ်တစ်သောင်းတန်ကို အားလုံးက လိုချင်နေကြပါတယ်" ဟု မွေး/ရေဘဏ်သို့ ငွေသွားရောက်လဲလှယ်သူ တစ်ဦးက ပြောကြားသည်။*

*"အရောင်ကလည်း လှပါတယ်။ အရင်ကပိုက်ဆံတွေထက်လည်း ပိုပြီး စနစ်ကျပြီး လက်ရာလည်းကောင်းတယ်။ အရောင်အသွေးကလည်းစုံပြီး ပေါ်လွင်မှုရှိတယ်။ ငွေကြေး သယ်ယူရာမှာလည်း တစ်သောင်းတန်က အများကြီး လွယ်ကူမှုရှိလာမှာ ဖြစ်ပေမယ့်လည်း မတော်လို့ တစ်အုပ်လောက် ပျောက်ဆုံးသွားရင်လည်း တန်ကြေးကတော့ ပိုလာလိမ့်မယ်" ဟု ပြည်သူတစ်ဦးက ကျပ်တစ်သောင်းတန်ငွေစက္ကူကို ကြည့်၍ ပြောကြားခဲ့သည်။*

*မည်သို့ပင်ဆိုစေ ယနေ့မှစတင်၍ ငွေကြေးစီးဆင်းမှုတွင် ကျပ်တစ်သောင်းတန် ငွေစက္ကူလေးများ ပျံ့နှံ့လာတော့မည်ဖြစ်သည်။ ။*

# သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အငယ်တန်းသတင်းထောက်စာမေးပွဲ အောင်မြင်သူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အဖွဲ့အစည်း အသီးသီးရှိ လစ်လပ်လျက်ရှိသော အငယ်တန်းသတင်းထောက် (လစာနှုန်း ၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့ စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်သူ ၁၃ ဦး၏ စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

အောင်မြင်သူများမှာ ခုံအမှတ် (၉၆၊၁၀၉၊ ၂၁၊ ၁၅၊ ၅၆၊ ၅၁၊ ၈၅၊ ၈၂၊ ၅၃၊ ၃၀၊ ၃၁၊ ၁၁၆၊ ၄၀) တို့ ဖြစ်ကြသည်။

အောင်မြင်သူများသည် ဇူလိုင် ၁ ရက်မှ စတင်၍ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဇွန် ၂၉ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် စာတည်းမှူးချုပ် (မြန်မာ့သတင်းစဉ်၊ ပြည်တွင်း)၊ နေပြည်တော်သတင်းစာတိုက်၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့ လာရောက် သတင်းပေးပို့ကြရမည် ဖြစ်သည်။ **(သတင်းစဉ်)**

# မြို့နယ်မဂ္ဂဇင်းထုတ်ဝေရန် အလှူငွေပေးအပ်

**ရန်ကုန် ဇွန် ၁၅**

ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်း ဆိုင်းဘုတ်တင်ပွဲနှင့် မြို့နယ်မဂ္ဂဇင်းထုတ်ဝေနိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက်က အသင်းရုံးတည်ရာ အမှတ် ၁၂၉-၁၃၁(မြေညီထပ်) ၃၂ အလယ်လမ်း၌ ကျင်းပသည်။ အလှူငွေ ပေးအပ်ပွဲတွင် မြန်မာနိုင်ငံပော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးထင်ဇော်ဝင်းက အလှူငွေကျပ် ၅၀၀၀၀၊ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ကျော်လှိုင် ဥက္ကဋ္ဌ SMART Group of Companies၊ ဦးစောလုလုထော် CEO Skywings တို့က ငွေကျပ် ၁၀၀၀၀၀ စီ၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ် (တုန်းတာကုမ္ပဏီ)က ငွေကျပ် ၁၀၀၀၀၀၊ဘဏ္ဍာရေးမှူး ဦးအောင်သန်း၊ အမှုဆောင် ဦးကိုကိုလတ် ဥက္ကဋ္ဌ GULF Group of Companies တို့က ငွေကျပ် ၅၀၀၀၀ စီ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ပန်းဘဲတန်းမြို့နယ်နာယက တိုင်းရင်းဆေးသမားတော် ဒေါက်တာ ဒေါ်တင်နွယ်ဦး (မှန်ချို)က ငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဥက္ကဋ္ဌ ဦးရန်ကြီးအောင်၊ ဝါးခယ်မ စိုးမြင့်အောင် (ဖျံငါးကောင်)၊ တွဲဖက်အတွင်းရေးမှူးဦးသောင်းစိန်တို့က ငွေကျပ် ၅၀၀၀၀ စီ စုစုပေါင်း အလှူငွေကျပ် ၇၀၀၀၀၀ ကို အသင်းဥက္ကဋ္ဌ သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း) က အသင်းဂုဏ်ထူးဆောင် နာယကများဖြစ်ကြသော သချာဆရာ ဦးအောင်သောင်း၊ ဒေါက်တာခင်မောင်ညိုတို့အား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၀၂)

# အလုံသိပ္ပံဈေး ဇူလိုင် ၇ ရက်မှ စတင်ပြောင်းကြမည်

**သတင်းနှင့်ဓာတ်ပုံ - တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**ရန်ကုန် ဇွန် ၁၅**

*အလုံသိပ္ပံဈေး(ခေါ်)ဆင်မင်းဈေးကို အဆင့်မြင့်ဈေးကြီးအဖြစ်တည်ဆောက်ရန် ဈေးသူဈေးသားများ၏ အများဆန္ဒသဘောထားခံယူပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၃ ရက်က ယင်းဈေး၌ပင် ပြုလုပ်ခဲ့သည်။*

*ဈေးသူ ဈေးသားများ၏ အများစုဆန္ဒအရ အဆင့်မြင့်ဈေးကြီးတည်ဆောက်ချိန်အတွင်း ယာယီဈေး ဖွင့်လှစ်ရောင်းချနိုင်ရန်အတွက် ဈေးဟောင်းနှင့် အလှမ်းမကွာလှသော အလုံသီရိမင်္ဂလာအားကစားကွင်း (ယခင်အလုံအမှိုက်ပုံဟောင်း) နေရာ၌ ယာယီဈေးတန်းများကို တည်ဆောက်ခဲ့ရာ တည်ဆောက်ပြီးသွားပြီဖြစ်ကြောင်း ထိုဈေးမှတာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။*

*အဆင့်မြင့်ဈေးကြီးကို နေကဗ္ဘာ(မြန်မာ)ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး ယာယီဈေးတန်းများကိုလည်း ထိုကုမ္ပဏီကပင် တည်ဆောက်ပေးခဲ့ကြောင်းသိရသည်။*

*ဈေးကြီးကို ရှစ်ထပ်အထိ အဆင့်မြင့် တည်ဆောက်သွားမည်ဖြစ်ပြီး မြေညီထပ်တွင် ၅ ပေ× ၅ ပေ ဈေးဆိုင်ခန်းပေါင်း ၇၂၇ ခန်း ထည့်သွင်းတည်ဆောက်မည်ဟု သိရသည်။ တည်ဆောက်ပြီးပါက ၎င်းဈေးဆိုင်ခန်းများကို ဈေးသူဈေးသားများအနေဖြင့် ငွေကြေး လုံးဝပြန်သွင်းစရာမလိုဘဲ ရရှိမည်ဖြစ်ကြောင်း သိရသည်။ ဈေးတည်ဆောက်ချိန်ကာလမှာ နှစ်နှစ်ဖြစ်ကြောင်းကိုလည်း တာဝန်ရှိသူထံမှ သိခွင့်ရခဲ့သည်။*

*ဈေးဟောင်းမှ ယာယီဈေးသို့ ဇူလိုင် ၁ ရက်မှ ၇ ရက်အတွင်း မပြောင်းရွှေ့မီ မိမိဆိုင်များကို ရောင်းကုန်အလိုက်ပစ္စည်းတင်နိုင်ရန် ပြုပြင်မှုများကိုလည်း ခွင့်ပြုပေးထားကြောင်း ဈေးတာဝန်ခံက ပြောကြားသည်။*

*ဈေးကြီးအတွင်း တရားဝင်ဆိုင်ခန်းပေါင်း ၇၂၇ ခန်းအပြင် ပုံကျဈေးသည် ပေါင်း ၇၀ ကျော်ရှိသည်ကို ဈေးသာယာရေးကော်မတီဝင်ထံမှ သိခွင့်ရခဲ့သည်။*

*ယာယီဈေးသစ်တွင်မူ ယာယီဈေးအမိုးအခင်းများ ပြီးစီးနေပြီး ဆိုင်အတော်များများတွင် မိမိအစီအစဉ်ဖြင့် ပြန်လည်ပြုပြင်နေကြသည်ကို တွေ့မြင်ခဲ့ရသည်။*

*ကုန်ခြောက်ရောင်းသော အမျိုးသမီးငယ်တစ်ဦးကမူ "ဒီနှစ်မိုးတွင်းကတော့ ဈေးဝယ်တဲ့သူ၊ ဈေးရောင်းတဲ့သူတွေအနေနဲ့ အနည်းနဲ့အများတော့ ကသီလင်တ ရှိဦးမှာပါ။ ဈေးအတွင်းလမ်းတွေက မြေသားဆိုတော့ မိုးရွာရင် ရေဝပ်ကျန်ခဲ့တယ်လေ" ဟု သူ့ဖုန်းကင်မရာလေးဖြင့် ရိုက်ထားသော ပုံများကိုဖွင့်ပြပါသည်။*

*"တကယ်ဆို ဒီလို လူသွားလမ်းလေးတွေကိုပါ ကွန်ကရစ်လမ်းလေးတွေ ခင်းပေးနိုင်ရင် ပိုကောင်းသွားမှာပါ" ဟု သူ့အမြင်ကို ပြောကြားလာသည်။*

*ဈေးဟောင်းကြီး၏သက်တမ်းမှာ နှစ်ပေါင်း ၇၀ နီးပါးရှိပြီး မြေညီတစ်ထပ်ဖြစ်သည်။ အဆင့်မြင့်ဈေးကြီးအဖြစ် တည်ဆောက်ရန် အသံမကြားမီက ၅ပေ× ၅ ပေ ဆိုင်ခန်းတစ်ခန်းလျှင် ပေါက်ဈေး ငွေကျပ် ငါးသိန်းနှင့် ခြောက်သိန်းအကြားတွင် ရှိသော်လည်း ဈေးသာအခေါ်ရှိပြီး ဝယ်မည့်သူမရှိခဲ့ကြောင်း၊ ယနေ့အဆင့်မြင့်ဈေးကြီး တည်ဆောက်တော့မည့်အချိန်၌ ဆိုင်ခန်းတစ်ခန်းလျှင် ငွေကျပ် ၆၅ သိန်း၊ သိန်း ၇၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေသည်ကိုလည်း ကြားသိခဲ့ရသည်။*

အဆင့်မြင့် တည်ဆောက်မည့် အလုံသိပ္ပံဈေးပုံစံငယ်။

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သံဖြူဇရပ်မြို့၌ ကျင်းပ

**သံဖြူဇရပ် ဇွန် ၁၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သစ်တောဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက် နံနက်က သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် သံဖြူဇရပ်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးနိုင်ထွန်းအုံ၊ သစ်တောဦးစီးဌာန မော်လမြိုင်-သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူးဦးအေးချို၊ သံဖြူဇရပ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူးဦးဖိုးချိုနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးဒေါ်ရွှေမိနှင့် အထက(၁)မှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ထားတင်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ကျွန်း၊ မဟော်ဂနီနှင့် ကံ့ကော်အပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်သစ်တော)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆောင်ရွက်

**ကျောက်တံခါး ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုလျှော့နည်း ကျဆင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကျောက်တံခါးမြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဝင်း ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို ဇွန် ၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# အလကကျောင်းဆောင်သစ် တာချီလိတ်၌ဖွင့်

**တာချီလိတ် ဇွန် ၁၅**

တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲ ပါလိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ရှေးဦးစွာကျောင်း ဆောင်သစ်ကို တွဲဖက် ပြည်နယ်ပညာရေးမှူး ဦးခွန်စိန်မြင့်၊ တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တာလေမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သိန်းက အမှာစကားပြောကြားပြီး တွဲဖက်ပြည်နယ် ပညာရေးမှူးက ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်အလှူရှင်က လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**လက်ခံယူ**

အထက်ဖော်ပြပါမြေနှင့် အိမ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသည့် ဒေါ်ငွေရီ AA-၀၆၆၇၁၂၊ ဒေါ်လှကြည် ၁၂/ကမတ(နိုင်)၀၄၂၅၄၉၊ ဒေါ်ငွေကြည် AA-၀၀၆၆၉၂တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်သင်း**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၇၇)**

**အမှတ် ၃၇၀၊ မြနန္ဒာ ၁ လမ်း၊ (၈)ရပ်ကွက်၊**

**သာကေတမြို့နယ်၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဒေါ်ခင်အုန်းမြင့် ၃/မဂတ(နိုင်)၀၀၀၉၃၈ သည် ဖခင်ဦးပါအေးက ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီး အမွေဆိုင်မောင်နှမများက အပြီးအပိုင်စွန့်လွှတ်ပေးသည့် စာချုပ်မှတ်ပုံတင်အမှတ် ၁၃၈/၂၀၀၆ အရ တစ်ဦးတည်း ပိုင်ဆိုင်ထားခဲ့သော မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ် ၂၂၊ ဦးပိုင်အမှတ် ၁၂၊ ဧရိယာ ၀ဒသမ၃၃၆ ဧကရှိမြေကွက်အား အပြီးအပိုင် လွှဲပြောင်းရောင်းချမည်ဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့်အထောက်အထားနှင့်တကွ ကျွန်ုပ်ထံ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်အုန်းမြင့်**

**၃/မဝတ(နိုင်)၀၀၀၉၃၈**

**အမှတ်(၁)ရပ်ကွက်၊ မြဝတီမြို့**

## အမည်မှန်

ဦးစိုင်းအိုက်ဝါ၏သမီး လှိုင်မြို့နယ် ICEC အဋ္ဌမတန်းမှ မနန်းသက်ထားဟန်၏ အမည်မှန်မှာ မသက်ထားဟန် ၁၂/လမန(နိုင်) ၁၅၅၇၀၀ဖြစ်ပါကြောင်း။ **မသက်ထားဟန်**

## ခြံနှင့်အိမ်ရောင်းမည်

ပေ(၇၅×၇၅)၊ ပျဉ်ထောင်အိမ် မီတာ၊ ရေပါ။

**အမှတ် ၁၇၆၊ ပြည်ထောင်စုလမ်း၊ ၃၁ရပ်ကွက်၊ ရွှေပြည်သာ၊**
**ဖုန်း-၀၉-၅၀၅၃၆၈၀၊ ၅၆၅၄၂၁**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၈၄၆/ခ၊ မြေကွက်တည်နေရာအမှတ် ၈၄၆/ခ၊ သရေခေတ္တရာ ၂၄လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးဝင်းမောင်အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဝင်းမောင် ကွယ်လွန်သဖြင့်ဒေါ်အညီနီး၁၂/ဥကတ(နိုင်)၀၇၃၁၈၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊မင်္ဂလာဒုံဥယျာဉ်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ထင်းရှူးရိပ်သာ)၊ မြေကွက်အမှတ် ၈၊ ဧရိယာ ၀ ဒသမ ၉၁၆၈ကေရှိမြေကွက်အား အမည်ပေါက်ဒေါက်တာဒေါ်တင်လင်းမြင့်၈/မကန(နိုင်)၀၂၀၂၈၈ကမြေငှားစာချုပ်(ဂရန်) မူရင်းပျောက်ဆုံးသွားပါ၍ မြေငှားစာချုပ်(ဂရန်)မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါကကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်း မရှိပါကမြေငှားစာချုပ်ဂရန် မူရင်းအား ပယ်ဖျက်၍မြေငှားစာချုပ်(ဂရန်)မိတ္တူမှန်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၈၆၂၊မြေကွက်အမှတ် ၂၅၊ မြေကွက်တည်နေရာအမှတ်၁၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ် ဦးအောင်ကိုး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်ကိုးနှင့်ဇနီးဒေါ်တင်တင်တို့ ကွယ်လွန်သဖြင့် ဦးခင်မောင်မြင့် ၁၂/စခန(နိုင်)၀၂၄၇၂၀၊ဒေါ်ရင်မေ ၁၂/စခန(နိုင်)၀၂၅၂၁၄၊ဦးမြင့်ဝေ ၁၂/စခန(နိုင်)၀၂၆၂၂၃၊ ဒေါ်အိအိခိုင် ၁၂/စခန(နိုင်)၀၂၅၂၁၅တို့က သားသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မောင်ခင်ဇော်နှင့် အများသိစေရန်

ကျွန်မမခင်သူဇာ ၁၂/သကတ(နိုင်) ၁၆၉၄၁၃၏ခင်ပွန်း မောင်ခင်ဇော်၁၄/ညတန(နိုင်)၁၀၁၅၀၄သည်လင့်ဝတ္တရားမကျေပွန်သည့်အပြင်လွန်ခဲ့သောတစ်နှစ်ကျော်ကတည်းကငှင်း၏ဆန္ဒအလျောက်နေအိမ်မှဆင်းသွားပြီး အဆက်အသွယ်ပြုလုပ်ခြင်းမရှိတော့ပါသဖြင့် ယနေ့မှစ၍ခင်ပွန်းအဖြစ်မှမသက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မခင်သူဇာ၁၂/သကတ(နိုင်)၁၆၉၄၁၃**
**အမှတ် ၁၂၃၆၊ မြရတနာလမ်း၊**
**(၉)ရပ်ကွက်၊ သာကေတမြို့**

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်းနှင့်သာဝန်ထမ်းရန်)

The Thiripyitsaya Sky Bistro (Sakura Tower) မှ [illegible]

| | |
|---|---|
| F&B Manager | (ကျား- ၁) |
| Chief Accountant | (မ- ၁) |
| Chief Engineer | (ကျား-၁) |
| Executive Chef | (ကျား- ၂) |

[illegible]

- (EXE Corporation) [illegible]

Tel: 01- 255255

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၁၊ မြေကွက်အမှတ် ၆၅၆၊ ဧရိယာ ၀ဒသမ၀၅၅၈ကေရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးဘသန်းဆွေအမည်ပေါက်လျက်ရှိပါသည်။ ၎င်းထံမှ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၄၇၁/၂၀၁၂)ရရှိထားသူ ဒေါ်အေးအေးမြင့် ၁၂/တမန(နိုင်)၀၅၁၉၀၃ထံမှ အဆိုပါမြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်မိုး LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၉၀)**

| | |
|---|---|
| **ဦးအောင်မင်းနိုင်** | **ဦးသန့်ဇော်လွင်** |
| **LL.B, C.B.L, WIPO-DL-101(GENEVA)** | **LL.B, D.B.L** |
| **အထက်တန်းရှေ့နေ (စဉ်-၂၅၄၀၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၈၇၃၁)** |

**အမှတ် ၅၆၁၊ ပထမထပ်၊ M.A.C Tower၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

[illegible]

## အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်မြမြစိန် ၁၂/ကမရ(နိုင်)၀၀၇၄၀၂နှင့် ဒေါ်မြတ်သန္တာဦး ၁၂/ကမရ(နိုင်)၀၀၇၄၀၃တို့၏ ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

ကျောက်တန်းမြို့၊ ရွှေပျောက်ကျေးရွာရှိ ကွင်းအမှတ်၆၁၉၊ ကျိုက်ကမော့ကွင်း၊ ဦးပိုင်အမှတ်၇၀/၄ဥယျာဉ်ခြံမြေကွက်သည် ဒေါ်မြမြစိန်၏အမည်ဖြင့်လည်းကောင်း၊ ကွင်းအမှတ် ၆၁၉၊ကျိုက်ကမော့ကွင်း၊ ဦးပိုင်အမှတ် ၇၀/၅ ဥယျာဉ်ခြံမြေကွက်သည် ဒေါ်မြတ်သန္တာဦး၏အမည်ဖြင့်လည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် ကော်လိပ်တော်အရာရှိရုံးသို့ မြေအခွန်များပေးဆောင်လျက်ရှိသည့် မြေကွက်ပိုင်ရှင်များဖြစ်ကြပါသည်။

အဆိုပါမြေကွက်နှစ်ကွက်နှင့်စပ်လျဉ်း၍ ပိုင်ရှင်များဖြစ်ကြသော ဒေါ်မြမြစိန်နှင့် ဒေါ်မြတ်သန္တာဦးတို့၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တရားမဝင်ကျူးကျော်ဝင်ရောက်ခြင်းများမပြုလုပ်ကြရန် သတိပေးကြေညာအပ်ပါသည်။ လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြမြစိန်နှင့် ဒေါ်မြတ်သန္တာဦးတို့၏ ညွှန်ကြားချက်အရ-**
**ဦးဝင်းမြင့် LL.B တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| **ဒေါ်နီနီလွင် LL.B,D.B.L** | **ဦးသူရိန်မြင့် LL.B** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်၉၀(မြေညီထပ်)၊ လမ်း၄၀(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၈၀၇၀၊ ၀၉-၇၃၁၆၈၃၇၈၊ ၀၉-၇၃၂၁၁၀၉၂**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးဝဏ္ဏသိန်းထွန်း ၁၂/လမန(နိုင်)၀၀၇၆၈၈၏ဇနီး ဒေါ်ငြိမ်းငြိမ်းထွန်း ၁၃/တကန(နိုင်)၁၈၂၁၅၉(မှီခို)သည် ကျွန်တော်၏ ခွင့်ပြုချက်၊ သဘောတူမှုတစ်စုံတစ်ရာရယူခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် ၈-၆-၂၀၁၂ ရက်တွင် နေအိမ်မှထွက်ခွာသွားပါသဖြင့် ဇနီးအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စများနှင့် အခြားမည်သည့်ကိစ္စများကိုမဆို (လုံးဝ)လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းအသိပေးအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဝဏ္ဏသိန်းထွန်း**
**၁၂/လမတ(နိုင်)၀၀၇၆၈၈**

## [illegible] (၆)နှစ်ပြည့် အမှတ်တရ

## ဝင်းဝင်းလတ်

[illegible]
09 49508682
[illegible] 09 73053703

## အမျှားသိစေရန်ကြေညာခြင်း

ဒေါ်ခိုင်ယွန်(ခ)ဒေါ်ခိုင်ရွှန်းဘီ(ဘ)ဦးမာဘူး ဂရန်အမည်ပေါက်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၂၊ မီးကြာရိုးတောင်ရပ်၊ အကွက်အမှတ် ၁၆၊ ဦးပိုင်အမှတ် ၂၄၊ မြေရာအမှတ် ၉၃၊ မြေဧရိယာ ၀ ဒသမ ၀၈၇၉ကေရှိ မြေနှင့်အဆောက်အအုံအကျိုးခံစားခွင့်များအားလုံးကို လက်ရှိပိုင်ဆိုင် ရောင်းပိုင်ခွင့်ရှိသူဟုတာဝန်ခံ၍ ဦးဝမ်သယ်ချန် ၁၃/မဆတ(နိုင်)၀၂၉၃၁၀၊ အိမ်အမှတ် (င/၂-၁၆၀)၊ ၆၄ လမ်း၊ ဒေလီယာနှင့် ဇလပ်ဝါလမ်းကြား၊ မြို့သစ် ၃၊ မန္တလေးမြို့မှ ရောင်းချသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေ၊ နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အမျှားသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သာ LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၂၈၊ ၈ လမ်း၊**
**(၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၈၅-၂၃၂၄၁**

**ဦးဇော်မင်း ၁၃/ကလန(နိုင်) ၀၆၃၁၆၈၊**
**ဒေါ်သီရိဇော် ၁၃/ကလန(နိုင်) ၀၇၅၄၂၇နှင့်**

## အများသိစေရန်

အောင်ပန်းမြို့၊ ရပ်ကွက်(၃)၊ အမှတ်(၄၀)နေ ဦးလင်းသူအေး ၁၃/ကလန(နိုင်) ၀၅၉၀၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇော်မင်း၊ ဒေါ်သီရိဇော်နှင့် အများသိစေရန် ကြေညာလိုက်သည်မှာ-

အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်၊ ဦးပိုင်အမှတ်(၁၃)၊ မြေကွက်အမှတ် (၂၃/၄၅+၂၁/၄၄) ဧရိယာ ၁ဒသမ၀၀၀ကေရှိ ဂရန်မြို့ မြေကွက်ဥပစာကို (၁) ဒေါ်သီတာဦး၊ (၂) ဒေါ်ခက်ရွှေဝါလှိုင်၊ (၃) ဦးဇော်မင်းနှင့် (၄) ဒေါ်သီရိဇော်တို့သည် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာပြုလုပ်ပြီး ကလောမြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ၁၂-၈-၀၈ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၂၇၅/၂၇၆/၂၇၈နှင့်၂၈၁)တို့အရဖြင့် အသီးသီးမှတ်ပုံတင်၍ ပိုင်ဆိုင်/ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည်ဟု ကြော်ငြာကာ ဦးလင်းသူအေးထံသို့ ရောင်းချပေးမည်ဟု ကမ်းလှမ်းပြောဆိုချက်အရ ဦးလင်းသူအေးကလည်း ဝယ်ယူရန်သဘောတူခဲ့ပြီး သတ်မှတ်သဘောတူရောင်းကြေးငွေ အပြေအကျေကို ဦးဇော်မင်းနှင့် ဒေါ်သီရိဇော်အပါအဝင် မောင်နှမ(၄)ဦးထံသို့ အပြေအကျေပေးချေခဲ့ကြပြီး သက်ဆိုင်ရာ စာချုပ်စာတမ်းများ မှတ်ပုံတင်ဌာနမှူးရုံးတွင်လည်း တရားဝင်မှတ်ပုံတင်စာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့အတိအလင်းသဘောတူဆောင်ရွက်ထားပြီးဖြစ်ပါလျက်နှင့် ယခုအခါ ဦးဇော်မင်းနှင့် ဒေါ်သီရိဇော်တို့သည် ကလောမြို့၊ မြို့နယ်စာချုပ်စာတမ်းများမှတ်ပုံတင်ဌာနမှူးရုံးသို့ ဦးလင်းသူအေးနှင့်ပြုလုပ်ချုပ်ဆိုထားသော အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကိစ္စကို ကန့်ကွက်ဆောင်ရွက်လာသဖြင့် ဦးလင်းသူအေးအတွက်များစွာစိတ်အနှောင့်အယှက်ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် ဦးဇော်မင်းနှင့် ဒေါ်သီရိဇော်တို့သည် မိမိတို့ သတ်မှတ်သဘောတူထားပြီးဖြစ်သည့် ရောင်းကြေးငွေများကို အပြေအကျေလက်ခံရရှိပြီးဖြစ်ကြောင်းနှင့်အရှုပ်အရှင်းတစ်စုံတစ်ရာဖြစ်ပေါ်ပါက ဦးလင်းသူအေး ကျေနပ်သည်အထိတာဝန်ယူဖြေရှင်းပေးမည်ဟု ၃-၃-၂၀၁၂ရက်စွဲပါ (ဝန်ခံကတိပြုချက်)အတိုင်း လေးစားလိုက်နာပါရန်နှင့်အကယ်၍ ထပ်မံအနှောင့်အယှက်ပြုလာမည်ဆိုပါက ဦးလင်းသူအေးသည် ဦးဇော်မင်းနှင့် ဒေါ်သီရိဇော်တို့အပေါ် ဥပဒေနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ပါကြောင်း ကြေညာလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်ဝင်းချမ်း(တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၃၄၄/၈၃)**
**အမှတ်-၂၀၇၊ ရေထွက်ဦးလမ်း၊ ကန်ရှေ့ရပ်၊ တောင်ကြီးမြို့။**

[illegible]

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာကြီးဦးအေးမောင်

## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အိမ်အမှတ် N-2၊ ရွှေပိတောက်ရိပ်မွန်နေ ကျွန်တော်၊ ကျွန်မတို့၏ ချစ်ခင်လေးစားရပါသော ဆရာကြီး ဦးအေးမောင်သည် ၁၃-၆-၂၀၁၂ရက်တွင် အလွှာဟတ်သျှင်မြတ်ထံ အမိန့်တော်ခံယူသွားကြောင်း သိရသဖြင့်မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၆၆ မှ ၁၉၈၂ခုနှစ်အထိ**
**အလက(၂)ကျုံစန် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊**
**လားရှိုးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအေးမောင်

## အသက်(၈၃)နှစ်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ဒု-ညွှန်ကြားရေးမှူး ဦးသန်းနိုင်၏ဖခင် ဦးအေးမောင် အသက်(၈၃)နှစ်သည် ၁၃-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **စူးစမ်းလေ့လာရေးဌာနခွဲ**
**ဆည်မြောင်းဦးစီးဌာန**

## ကားရောင်းမည်

Van CE 96 90 Model-3C အင်ဂျင် Auto ဂီယာပြောင်း လိုင်စင်ဝင်ပြီး၊ ဒီဇယ်၊ အဖြူရောင်၊ **အိမ်စီးကားသန့်၊ညှိနှိုင်းဈေးဖြင့် ရောင်းမည်။ ပွဲစားမလို။**

၆က/၉ထောင်ကျော်၊

**ရုံးချိန်အတွင်းဆက်သွယ်ရန်**
**ဖုန်း-၀၉-၈၅၈၃၆၉၇**

## အများသိစေရန်

Good Faith Services Ltd. (ရန်ကုန်)မှ ဖုန်းဘီလ်ဝန်ဆောင်မှုလုပ်ငန်းတွင် အပ်နှံထားသော ဖုန်းစာအုပ်များအား ၂၀-၆-၂၀၁၂ ရက်နောက်ဆုံးထား၍လာရောက်ထုတ်ယူကြပါရန်နှင့်နုတ်ထွက်ပြီးသောဝန်ထမ်းဟောင်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများသည် Good Faith Services Ltd. နှင့်မသက်ဆိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၊မြေကွက်အမှတ်၂၆၀၇၊၂၆၁၀၊မြေကွက်တည်နေရာအမှတ်၂၆၀၇၊၂၆၁၀၊ဗိုလ်ရန်နိုင်လမ်း၊ ကျွန်စစ်သားရပ်ကွက်၊ ဒလမြို့နယ် ဦးသိန်းအမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးသိန်းထံမှ အရောင်းအဝယ်အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဝင်းနိုင်(ခ) ဘောရာမူတူး၁၂/မဂတ(ဧည့်)၀၀၀၁၉၇က ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံချက်၊ ကတိသစ္စာပြုလွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်သကမ-၂၊ မြေကွက်အမှတ်၅၁/ခ၊မြေကွက်တည်နေရာ(၅၁/ခ)၊ ပခုက္ကူလမ်း၊ ၁၀ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးညိုအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးညိုထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဇာခြည်လွင်၁၁/ရသတ(နိုင်)၀၃၄၂၄၆က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ရပ်ကွက်ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ ဝန်ခံကတိတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၆၉၇၊မြေကွက်တည်နေရာအမှတ်၆၉၇၊ ၅လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပ ဦးခင်မောင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်နှင့် ဒေါ်တင်တင်ကွယ်လွန်သဖြင့် ဦးဇော်ဝင်း ၁၂/ဥကတ(နိုင်)၀၅၉၀၇၄၊ ဒေါ်အေးအေးမူ ၁၂/ဥကတ(နိုင်)၀၆၀၂၇၆ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၉၊ မြေကွက်အမှတ် ၁၂၈၈၊ မြေကွက်တည်နေရာအမှတ် ၁၂၈၈၊ (၆၉)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ဦးဝင်းမောင်အမည်ပေါက် ပါမစ်မြေအားအမည်ပေါက်ဦးဝင်းမောင် ကွယ်လွန်သဖြင့် ဇနီးဒေါ်ကျင်သန်းက ပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ကျမ်းကျိန်လွှာ၊ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့်နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၇၉၆၊မြေကွက်တည်နေရာအမှတ်၇၉၆၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဦးအေးမောင်+(၃) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးအေးမောင်+(၃)ထံမှအရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းနိုင်၁၂/ရကန (နိုင်)၀၆၅၁၃၂က ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများတင်ပြ၍နှစ်၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၀B၊ မြေကွက်အမှတ် ၈K၊ မြေကွက်တည်နေရာ အမှတ်၂၃၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ဒေါက်တာဒေါ်ခင်မြ အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက်ဒေါက်တာဒေါ်ခင်မြကွယ်လွန်သဖြင့် ဦးအုန်းခင် ၁၂/ဗဟန(နိုင်) ၀၄၅၈၇၇က တရားဝင်ခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်မလေး (TEACHER PEGGY)

**B.A. Ed, B.Ed**

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**အထက(၂)ပန်းဘဲတန်း ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**အထက(၂)စမ်းချောင်း ကန်တော့ခံဆရာမကြီး**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွှကုန်းလမ်း၊အမှတ် ၈၈ နေ (ဦးစိုးရှိန်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်-ဒေါ်မေသီ)တို့၏သမီး၊ (ဦးအောင်တင်-ဒေါ်ခင်မြ)တို့၏သမီးချွေးမ၊ (ဦးအောင်ဖံ-ဒေါ်ခင်မြင့်)၊ (ဦးတင်မြင့်)-ဒေါ်သိန်းသိန်း၊ (ဦးကျော်မြင့်၊ စစ်တက္ကသိုလ်)-ဒေါ်စန်းစန်းမြင့်၊ (ဒေါ်ခင်မကြီး)၊ (ဒေါ်ခင်မေသန်း) တို့၏ညီမ၊ (ဦးကျော်မင်း၊ ဒုအထွေထွေမန်နေဂျာ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း) ၏ဇနီး၊ Capt: နန္ဒကျော်မင်း (Superintendent PIL)-မတင်တင်မိုး၊ ဦးကျော်သူရ (Air Craft Maintenance Engineer)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား သည် ၁၃-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးသိန်းသန်း ၁၃-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမွန်မြတ်အောင်နှင့်**
**မိသားစု**

ဝမ်းနည်းကြေကွဲခြင်း

## ကိုစိုးခိုင် A.G.T.I (Civil)

**မော်လမြိုင်၊ အင်းစိန် GTI (၁၉၉၃-၁၉၉၅)**

**အသက်(၃၉)နှစ်**

သူငယ်ချင်း ကိုစိုးခိုင်သည် ၁၄-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေလှ၊ ဇော်ဟန်ထွေး၊ ညီညီနိုင်၊ ကျော်ကျော်သန့်၊ ကျော်သူ၊ ရဲထွဋ်၊ အောင်သူဟန်၊ ကိုကိုမျိုး၊ နီနီလွင်**
**(၁၉၉၃-၁၉၉၅ခုနှစ်)မြို့ပြ အင်/ယာကျောင်းသားများ**
**မော်လမြိုင်၊ အင်းစိန် GTI**

## ကိုဉာဏ်ရည်ဖြိုး(ခ)ဖိုးချို

**အောင်မြင့်မိုရ်အထည်ဆိုင် (ဗိုလ်ချုပ်ဈေး)**

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၄၊ အခန်း ၈နေ ဒေါ်ခင်မြ၊ (ဒေါ်ရင်လှ-ဦးလှစောမောင်)၊ဦးသောင်းအေး-ဒေါ်စန်းရီ၊(ဒေါ်အေးအေးသိန်း)၊(ဒေါ်အေးအေးမြင့်)၊ဒေါ်ခင်ငွေးယဉ်(ငွေးမြင့်သိန်းစတိုး၊ ဗိုလ်ချုပ်ဈေး)တို့၏မြေး၊ ဒေါ်အေးအေးသန်း၊ (ဦးကိုကိုလင်း)-ဒေါ်မိမိခင်၊ ဒေါ်ဂျက်စမင်လှစောမောင်-ဦးမင်းချိုဦးတို့၏တူ၊ ကိုသုတဖြိုး၊ကိုတေဇာဖြိုးတို့၏အစ်ကိုကြီးသည် ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့)နံနက် ၃နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆-၆-၂၀၁၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

## ဦးအေးထွန်း

**(ထွန်းပရိဘောဂ) ထားဝယ်**

**အသက်(၆၂)နှစ်**

ထားဝယ်မြို့နေ (ဦးမောင်ကျော်-ဒေါ်စီပို)တို့သား၊ (ဦးဉာဏ်သင်း-ဒေါ်ငွေပို)တို့၏သားသမက်၊ ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်၊ အာဇာနည်လမ်း၊ အမှတ် ၁၁နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း အမှတ် ၅၁(ကောင်းကောင်းဆေးဆိုင်)နေ ဒေါ်ခင်စော၏ခင်ပွန်း၊ မောင်ရဲနောင်ထွန်း၊ မောင်လင်းဘိုဘို-မအိအိခက်ပန်၊ မောင်စံကျော်-မစုစုမာတို့၏ဖခင်သည် ၁၅-၆-၂၀၁၂ရက် (သောကြာနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သပြေချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၅/C-၂၁၊ မြေကွက်တည်နေရာ အမှတ် ၂၁၁၊ သုခမြိုင် ၄လမ်း၊ (၈)ရပ်ကွက်၊ ဦးသန်းမောင် အမည်ပေါက် ဘီ(လ/န ၃၉) မြေအား အမည်ပေါက်ခင်ပွန်း ဦးသန်းမောင်ကွယ်လွန်သဖြင့် ဒေါ်သောင်းနွဲ့ ၁၂/လမန (နိုင်)၀၄၅၆၅၉က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/အနောက်၊ မြေကွက်အမှတ် ၆၁၄/ခ၊ မြေကွက်တည်နေရာ ၆၁၄/ခ၊ မြေနီ ၃လမ်း၊ ၇/အနောက် သာကေတ ဒေါ်တင်မြင့် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်မြင့်နှင့် ခင်ပွန်း ကွယ်လွန်သဖြင့် ဦးမောင်မောင် ၁၂/သကတ(နိုင်)၀၀၈၈၃၀က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် တိုင်းကျန်းမာရေးပြန်စာ၊ ရပ်ကွက်မြို့နယ်ထောက်ခံစာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၅၅၃၊ မြေကွက်တည်နေရာ အမှတ် ၅၅၃၊ ပီမိုးနှင်းလမ်း၊ ၄၂ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးလှတင် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှတင် ၁၂/ရကန(နိုင်)၀၃၇၆၁၈က နှစ်၆၀ မြေငှားစာချုပ် ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံချက်နှင့် တရားရုံး ကျမ်းကျိန်လွှာတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄၃၊ မြေကွက်အမှတ် ၁၃၇၄၊ မြေကွက်တည်နေရာ အမှတ် ၁၃၇၄၊ မြို့ပတ်လမ်း၊ (၁၆)ရပ်ကွက်၊ ရွှေပြည်သာ ဦးသာလှိုင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသာလှိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံး ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှမြင့် (သထုံ)

**အသက်(၈၂)နှစ်**

ဇင်ယော်မင်း အထွေထွေထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၊ နမ့်ဟူး အသေးစားရေအားလျှပ်စစ်စီမံကိန်း၊ နောင်ချိုမြို့မှ Chief Engineer ဦးလှသိန်းစံ(ခ) Winston-ဒေါ်ခင်အေးမြင့်တို့၏မိခင်သည် ၁၃-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအင်မြင့်-ဒေါ်ထွေးညို**
**ဇင်ယော်မင်းအထွေထွေထုတ်လုပ်ရေးကုမ္ပဏီလီမိတက်**

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှမြင့် (သထုံ)

**အသက်(၈၂)နှစ်**

ဇင်ယော်မင်း အထွေထွေထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၊ နမ့်ဟူး အသေးစားရေအားလျှပ်စစ်စီမံကိန်း၊ နောင်ချိုမြို့မှ Chief Engineer ဦးလှသိန်းစံ(ခ) Winston-ဒေါ်ခင်အေးမြင့်တို့၏မိခင်သည် ၁၃-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝန်ထမ်းမိသားစု**
**နမ့်ဟူးအသေးစားရေအားလျှပ်စစ်စီမံကိန်း၊ နောင်ချို**
**ဇင်ယော်မင်းအထွေထွေထုတ်လုပ်ရေးကုမ္ပဏီလီမိတက်**

## ဦးစံရှင်

**(ကျောင်းဆရာကြီး၊ ငြိမ်း)**

**အသက်(၇၆)နှစ်**

ရွှေဘိုမြို့၊ သက်သာပန်းတောင်းရပ်နေ ဒေါ်ခင်မြင့်(ကျောင်းဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာအောင်ကျော်မြင့်(ဂျမေကာ)၊ ဒေါက်တာဝင်းမြင့်အောင်-ဒေါက်တာမြင့်မြတ်သွေး(မီယာမီအမေရိကန်)၊ ဦးမျိုးသန့်ခိုင်-ဒေါက်တာမိုးမိုးသိန်း (ရန်ကုန်မြို့)တို့၏ဖခင်၊ မဖြူယမင်းသန့်(3rd M.B.,B.S၊ ဆေးတက္ကသိုလ်-၂)၊ မောင်ထက်အောင်လင်း(အထက-၂၊ အင်းစိန်)၊ မသုန္ဒရီအောင်၊ မောင်လင်းထက်အောင်(မီယာမီ)တို့၏အဘိုးသည် ဂျမေကာနိုင်ငံ မွန်တီဂိုဘေးမြို့၌ ၁၃-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၆-၂၀၁၂ရက် နံနက် ၁၁နာရီတွင် ဂျမေကာနိုင်ငံ မွန်တီဂိုဘေးမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်စန်း(ခ)ဒေါ်အက်ပီ

**ပါမောက္ခ(ဌာနမှူး)ငြိမ်း၊ ရုက္ခဗေဒ မော်လမြိုင်တက္ကသိုလ်**

**အသက်(၇၂)နှစ်**

မော်လမြိုင်မြို့၊ မြို့မတံတားလမ်း၊ အမှတ် ၃နေ (ဦးကာစန်း)-ဒေါ်စိန်ရင်တို့၏သမီး၊ (ဦးမောင်တင်-ဒေါ်အေးကြည်-ဒေါ်ယုခင်)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်သွင်၊ တွဲဖက်ပါမောက္ခ၊ ငြိမ်း၊ ရုက္ခဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးကိုကိုလေး(ငြိမ်း)၏ညီမ၊ ဦးဝင်းဟန်-ဒေါ်ခင်ခင်အေးတို့၏အစ်မ၊ ဒေါက်တာစိုးမိုး-ဒေါက်တာချိုချိုဝင်း(ကလေးအထူးအထူးကု၊ ဟုမ္မလင်းပြည်သူ့ဆေးရုံ)၊ ဦးစိုးပိုင်-ဒေါ်စန်းငွေးရီ၊ ဦးရန်နိုင်-ဒေါ်သီတာ(ခေတ္တ-စင်ကာပူ)၊ ဦးကိုကိုနိုင်-ဒေါ်မြင့်သဲစုစံ(ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ မသွန်းစန္ဒီဝင်း၊ မောင်ဟန်ဇာနည်ဝင်း၊ မစိုးရတီဝင်း၊ မောင်သူရစိုးပိုင်၊ မောင်ပြည့်ဖြိုးသျှန်၊ မောင်ဖွဲ့လှလင်နိုင်တို့၏အဘွားသည် ၁၅-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၅း၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်ပါသဖြင့် ၁၇-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းအအေးတိုက်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးချန်တိတ် (မုဒုံ)

**အသက်(၆၁)နှစ်**

မုဒုံမြို့၊ မုဒုံကြီးရပ်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၆၆နေ (ဦးယူးတိတ်-ဒေါ်ဂျော်စီ)တို့၏သား၊ မုဒုံမြို့၊ လမ်းမကြီးရပ်နေ (ဦးကျုံဂုက်-ဒေါ်လှသွယ်)တို့၏သားသမက်၊ ဒေါ်ချိုချိုဝင်း၏ခင်ပွန်း၊ (ဦးမြင့်လွင်)-ဒေါ်ရီရီလှဲ၊ ဦးချန်ထွန်း-ဒေါ်အေးအေးသီ၊ ဦးမင်းလွင်-ဒေါ်တင်တင်အေး၊ ဦးလှမိုး-ဒေါ်ကြည်ကြည်မေ၊ ဒေါ်အိအိခင်၊ (ဦးစိုးလွင်)-ဒေါ်တင်တင်လှတို့၏ညီ၊အစ်ကို၊ မခင်မီမီလွင်၏ဖခင်၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေးသည် ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မုဒုံမြို့ ကန်ကြီးတရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

## ဦးအေးထွန်း

**(ထွန်းပရိဘောဂ) ထားဝယ်**

**အသက်(၆၂)နှစ်**

ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်၊ အာဇာနည်လမ်း၊အမှတ် ၁၁၊ရန်ကုန်မြို့၊တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၅၁ (ကောင်းကောင်းဆေးဆိုင်)နေ ဒေါ်ခင်စော၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးတင်ရှိန်-ဒေါ်မြမြစန်း၊ ဦးသန်းဝင်း-ဒေါ်မြမြဝင်း (စိမ်းလန်းမြေ ဓာတ်မြေဩဇာ၊ ဘုရင့်နောင်)တို့၏ညီမောင်၊ ထားဝယ်မြို့နေ ဦးကံဝင်း-ဒေါ်သိန်းရီ၊ ဦးသန်းထွန်း-ဒေါ်ခင်နွဲ့(မဟာဆေးဆိုင်)၊ ရန်ကုန်မြို့နေ ဦးအုန်းမောင်-ဒေါ်ရီရီသိန်း(ရွှေဇင်ယော်ဟိုန်းကုမ္ပဏီ)၊ ဦးမျိုးသိန်း-ဒေါ်စန်းစန်းနု (မြတ်တော်ဝင်ဆေးတိုက်)၊ ဦးမင်းလွင်ဦး-ဒေါ်မော်မော်ဝရှိန် (ရွှေဇင်ယော်ဟိုန်းကုမ္ပဏီ)၊ ဦးမောင်မောင်ခိုင်-ဒေါ်မိုးမိုးသင်းတို့၏အစ်ကိုသည် ၁၅-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သပြေချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးမြင့်စိုးသိန်း(ခ) မိုက်ကယ်(လ်)လှိုင်

**လဝကမှူး(ငြိမ်း)**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ၁၆၃လမ်း၊ အမှတ် ၅နေ (ဝဏ္ဏကျော်ထင် ရဲမင်းကြီး ဦးစိုးလှိုင်-ဒေါ်ဒေါ်ယုံ)တို့၏သား၊ (ဦးလှမင်း၊ Furni Tech)-ဒေါ်ဟယ်(လ်)လှိုင်တို့၏မောင်၊ ဒေါ်မြမြဝင်း(အထပြ၊ ငြိမ်း၊ အထက-၃၊ တာမွေ)၏ခင်ပွန်း၊ မမေမီစိုး (ခေတ္တ- Japan)၊ မသဲသိမ့်စိုး(အထက်တန်းရှေ့နေ)တို့၏ဖခင်၊ ကိုမျိုးပြည့်ဟိန်း-မချောနန္ဒီမင်း(Furni Tech)၊ ဒေါက်တာအိနှင်းဖြူမင်း (ခေတ္တ-Singapore)တို့၏ဦးလေးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်မမကြီး

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ ရပ်ကွက်(၅)၊ တိုက် ၅၊ အခန်း ၂၀၁နေ (ဦးစိန်ပိုင်-ဒေါ်အေးရင်)တို့၏သမီးကြီး၊ မန္တလေးမြို့၊ (၂၆/ဘီ)လမ်းနှင့်ကမ်းနားလမ်းထောင့်၊ပိုက်ကျုံးနေ(ဦးမောင်မောင်တင်-ဒေါ်ခင်တိုး) ရွှေငွေရတနာဆိုင်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်းနေ ဦးဘိုလေး၊ ဒေါ်ခင်လတ်တို့၏အစ်မကြီး၊ တူ၊ တူမကိုးယောက်တို့၏အဒေါ်ကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊တိုက် ၁၀၊ ၃၊ ၂(လေးထပ်တိုက်)နေ [ဦးဆန်းထွန်း(ဆန်းထွန်း၊မန်းတက္ကသိုလ်)၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်၊ အဖွဲ့ဝင် မြန်မာစာအဖွဲ့ဦးစီးဌာန]၏ဇနီး၊ ဦးဆန်းထွန်းဦး (မန်နေဂျာ၊ငြိမ်း၊ထွန်းလင်းရောင်ကုမ္ပဏီ)၊ ဒေါ်ရီရီတင်(အထက-၃၊ လှိုင်)၊ ဦးမောင်မောင်အုန်း[ကောင်းထက်(မြန်မာ)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်]၊ဒေါ်သော်တာထွန်း (ခရိုင်ပြန်/ဆက်ဦးစီးဌာန၊ ငြိမ်း)၊ ဦးဝင်းမြင့်(အောက်မြန်မာပြည်၊ အဆည်)၊ ဒေါ်လှဲ့လှဲ့ထွန်း (တပ်/ချည်-သမိုင်း)၊ (ဦးအောင်ခိုင်ထွန်း)၊ ဒေါ်အေးအေးမာ၊ ဦးကြည်ဝင်း(အထက-၂၊ ရွှေပြည်သာ)-ဒေါ်လှမြတ်ထွန်း(TTC)၊ ဦးခင်မောင်သက် (Truth ကုမ္ပဏီ၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ)-ဒေါ်ဆွေထွန်း၊ဦးကျော်စိုးလွင်-(ဒေါ်သီတာထွန်း)၊ (ဦးအောင်ကျော်ထွန်း)၊ဦးနေဝင်းစိုး(ရန်ကုန်ဟိုတယ်)၊ ဒေါ်ဖြူသွယ်ထွန်းတို့၏မိခင်၊ မြေး ၁၈ ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ည ၉း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆-၆-၂၀၁၂ရက်(စနေနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်မမကြီး

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ ရပ်ကွက်(၅)၊ တိုက် ၅၊ အခန်း ၂၀၁နေ (ဦးစိန်ပိုင်-ဒေါ်အေးရင်)တို့၏သမီးကြီး၊ မန္တလေးမြို့၊ (၂၆/ဘီ)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ပိုက်ကျုံးနေ(ဦးမောင်မောင်တင်-ဒေါ်ခင်တိုး) ရွှေငွေရတနာဆိုင်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်းနေ ဦးဘိုလေး၊ ဒေါ်ခင်လတ်တို့၏အစ်မကြီး၊ တူ၊ တူမကိုးယောက်တို့၏အဒေါ်ကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊တိုက် ၁၀၊ ၃၊ ၂(လေးထပ်တိုက်)နေ [ဦးဆန်းထွန်း(ဆန်းထွန်း၊မန်းတက္ကသိုလ်)၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်၊ အဖွဲ့ဝင် မြန်မာစာအဖွဲ့ဦးစီးဌာန]၏ဇနီး၊ ကိုဇာနည်ဦး-မအိသူဟံ၊ ကိုကျော်သာဝင်း-မဇင်ဝါဖြူ၊ ကိုလွှမ်းမိုးသူ၊ ဗိုလ်ကြီးညီညီစိုး-မစောယုမွန်၊ မယင်းမာ(ခ)မေနိုင်း(Shwe Mi Co.,Ltd.)၊မလင်းစန္ဒာထွန်း(3rd year ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊မောင်ကောင်းချစ်ထွန်း၊ မောင်ကိုကိုဆန်း (1st year Myanmar)၊မကြည်ဇင်သန့်၊မမေလမင်းထွန်း(AGTI 2nd Year, WYTU)၊ မောင်ညီညီဆန်း၊ မရွှေအိန္ဒြာကျော်၊ မောင်လွင်မိုးဦး (Grade-IX ၊ အထက-၃၊ လှိုင်)၊ မပြုံးသန့်ထွန်း(Grade-IX,TTC)၊ မဆုထူးခင်(Grade-VII) ၊ မောင်ဖြိုးသုတ (Grade-V)၊မောင်ရဲနောင်ထွန်း(Grade- I၊ အမက-၅၊ ကမာရွတ်)၊ မအူဝဲနှင့် မြစ်များဖြစ်သော မအိသံလွင်ဦး(Grade-3၊ အထက-၂၊ စမ်းချောင်း)၊ မမြသိင်္ဂါကျော်၊ မခြိမ့်စန္ဒီစိုးမွန်တို့၏ဘွားဘွားကြီးသည် ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ည ၉း၅၀နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၂ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မိုးကုတ်အသင်း

## ဒေါ်အုန်းရင်(ခ)ဒေါ်တီးတီး

**အသက်(၆၃)နှစ်**

မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်နေ (ဦးဘမြင့်-ဒေါ်စန်းစန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၇၆၊ ၄၉လမ်းနေ(ဦးတင်မြင့်)၏ဇနီးသည် ၁၄-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၆-၂၀၁၂ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများ ပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

## ဦးတင်မောင်(ပုသိမ်မြို့၊ တဂေါင်းဘုရားလမ်း)(အငြိမ်းစားမြို့ပိုင်)

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ ကျောင်းလမ်း၊ အမှတ် ၂၈၃/၃နေ (ဦးစိန်-ဒေါ်ဖွားခင်)တို့၏သား၊ ဒေါ်ရီရီ၏ခင်ပွန်း၊ ဦးမျိုးမြင့် (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်နှင်းသိန်း၊ ဦးစန်းရီ(အမေရိကန်သံရုံး)၊ဒေါ်မြင့်မြင့်ရီ၊ ဦးမျိုးလွင်(မြန်မာတိုင်းမ်)-ဒေါ်သင်းသင်းမြိုင်၊ဦးဝင်းတင့်အောင်၊ ဒေါ်နန်းမြင့်မြင့်ဦး၊ ဦးမင်းကျော်သူ၊ ဒေါ်သစ်သစ်နွယ်(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ ဦးသက်ခိုင်ချို၊ ဒေါ်သဲမြသန္တာ(ခေတ္တ-စင်ကာပူ)၊ ဒေါက်တာဟိန်းထက်၊ မောင်ကောင်းထက်စံ၊ မောင်သော်ဇင်ဝင်းတင့်၊ မလှိုင်မြတ်ချစ်စု (2nd M.B, IM-1)၊ မရွှန်းလဲ့သူ (ခေတ္တ-စင်ကာပူ)တို့၏အဘိုး၊ မချယ်ရီလင်းလက်(ခေတ္တ-စင်ကာပူ)၏အဘေးသည် ၁၅-၆-၂၀၁၂ရက် နံနက် ၁၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ပါသဖြင့် ၁၇-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စောရင် (နမ့်ဆန်)

**အသက်(၈၅)နှစ်**

[ဦးသော် (T.C.C ဆီစက်)]၏ဇနီး၊ ဦးခွန်ခမ်းလှိုင် - (ဒေါ်နန်းကျင်ယုံ)တို့၏ သမီး၊ ဦးဇော်ထွန်း၊ ဒေါ်သီတာသော်၊ ဒေါ်ဥမ္မာသော်တို့၏မိခင်၊ဇော်သီဟထွန်း၊ ဇော်သူရထွန်း၊ AKIRA SATO တို့၏ အဘွားသည် အမှတ် G-7၊ ကန်ရိပ်သာလမ်း၊ FMI City နေအိမ်၌ ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အေးမြင့် (နတ်တလင်း)

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၂၁၈ နေ (ဦးစိန်ဒိုင်-ဒေါ်အုန်းမြ)တို့၏သမီး၊ (ဦးအောင်သိန်းမြင့်)၏ဇနီး၊ ဦးစိုးထွန်းအောင်၊ဦးစိုးငွေး-ဒေါ်ရီရီမော်၊ ဦးသောင်းလွင်-ဒေါ်တင်မျိုးမျိုးလတ်၊ ဦးနေထွန်း-ဒေါ်မော်မော်စန်း၊ ဦးကျော်ဇော-ဒေါ်ခင်သူဇာဝင်း၊ ဦးအေးနိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၅-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၉း၃၀ နာရီတွင်အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းမြင့် (ပခုက္ကူမြို့)

**အသက်(၇၂)နှစ်**

ပခုက္ကူမြို့၊ အမှတ်(၉)ရပ်ကွက်၊ ကျောင်းတော်ရာလမ်းနေ(ဦးကျောက်ခဲ-ဒေါ်တင်ကြည်)တို့၏သမီးကြီး၊ ပခုက္ကူမြို့၊ ကင်ပွန်းခါးကျေးရွာနေ(ဦးထွန်းခိုင်-ဒေါ်အုန်းစိန်)တို့၏သမီးချွေးမ၊ ဦးလှကြိုင်၏ဇနီး၊ ကိုကျော်သီဟ-မကေသီခိုင်၊ မဝင်းဝင်းအိ၊ ကိုဇာနည်အောင်-မဇာနွယ်ဝင်းတို့၏မိခင်၊ မောင်ဝေဖြိုးသော်၊ မကေဇင်သော်၊မောင်ဖွဲ့ပိုင်ဆက်၊ မအေးချမ်းမှူးတို့၏အဘွားသည် ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နေ့လယ်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြသောင်း (မြောင်းမြ)

**ဒုဦးစီးမှူး(ငြိမ်း)၊ပြည်တွင်းအခွန်**

**အသက်(၆၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပြည်တော်သာ၊ အမှတ် ၁၂/၇နေ (ဆရာကြီး ဦးဆယ်မြှုရယ်-ဒေါ်သောင်းမေ)တို့၏မြေး၊ (ဗိုလ်မှူးသန်းရွှေ-ဒေါ်သောင်းခင်)တို့၏သမီး၊ ဦးဝင်းမြင့်၏ဇနီး၊ (ဦးရဲကြည်) - ဒေါ်တင်သန်း၊ ဦးသိန်းဦး (ဆသရ)-ဒေါ်ရှုကြည်၊ ဒေါ်အေးမင်းရွှေတို့၏အစ်မ၊ ဒေါ်ခင်ညိုညိုမောင်(E-1 ရပ်သံလွင့်စက်ရုံ၊လပ္ပတ္တာ)၊မောင်စိုးထက်အောင်(ကုန်သွယ်ရေကြောင်း၊အင်ဂျင်နီယာ၊ E-၃၄)တို့၏မိခင်ကြီးသည် ၁၃-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် လပွတ္တာမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကျန်းတိတ်(ခ)ဦးဟိုရွှေ

**(မြိတ်မြို့)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၁(က)၊ ပါဠိတလမ်း၊ လှိုင်မြို့နယ်နေ (ဒေါ်ချင်အင်း)၏ခင်ပွန်း၊ဒေါက်တာမျိုးအောင်(ခ)ဦးမောင်ဟုတ်-ဒေါ်တင်တင်နွဲ့(ခ)နွယ်နွယ်၊ ဦးရှန်ရှူ(ခ)ဦးမောင်သျှူး-ဒေါ်ခင်နှင်းသွယ်၊ (ဦးဂင်လိုက်)-ဒေါ်ကျင်ရီ၊ ဦးအီဘွန်-ဒေါ်ကျင်လင်းတို့၏ဖခင်၊ မောင်ဇာနည်မျိုးအောင်၊မောင်ကျော်စိုးလင်း၊ မအေးစုမော်၊ မစုသက်အောင်၊ မအိအိဂင်၊ မောင်ကိုကိုဂင်၊ မောင်မောင်ဂင်၊ မကြည်သာဂင်၊ မဂလေစီဂင်၊ မနွေနှင်းဦး၊ မအိကေခိုင်၊ မောင်ချမ်းငြိမ်းဇင်တို့၏ အဘိုးသည် တရုတ်နိုင်ငံဖူးကျင်းပြည်နယ်၊ရှန်းမိန့်မြို့၌ ၂-၆-၂၀၁၂ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၂ရက် (အင်္ဂါနေ့)တွင် ရှန်းမိန့်မြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းချောင်း(ခ) ဦးသိန်းထွန်း(ခ)အောင်ပိန်းဗိုး

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊လသာမြို့နယ်၊(၁)ရပ်ကွက်၊ ၁၈လမ်း၊ အမှတ် ၆၅နေ (ဦးအောင်ကျင်တိတ်-ဒေါ်လေယာ)တို့၏သားကြီး၊ ဝါးခယ်မမြို့နယ်၊ အောက်ဝဲကျေးရွာနေ (ဦးကီ - ဒေါ်လှရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၁၂)ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်း၊ အမှတ် ၂၀၈နေ ဒေါ်ရွှေကြည်၏ခင်ပွန်း၊ ဦးသိန်းမြင့်-ဒေါ်ခင်ရီတို့၏မောင်၊ ဦးစိန်ဝင်း-ဒေါ်ခင်ခင်ရီ၊ (ဦးကျော်ကျော်ဦး)-ဒေါ်ကျော့စိန်၊ ဦးတင်ဝင်း-ဒေါ်ခင်သန်းဝင်း၊ ဒေါ်ခင်အေးကြူ၊ ဦးငွေအောင်-ဒေါ်သင်းသင်းခိုင်တို့၏အစ်ကိုကြီး၊ ကိုအောင်ထွန်းဦး-မခင်အေးဆင့်ခိုင်၊ ကိုမျိုးမင်းအောင်၊ မသူဇာအောင်တို့၏ဖခင်၊ မလင်းလက်ရွှေရည်၏အဘိုးသည် ၁၃-၆-၂၀၁၂ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ တရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၂ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမ ဒေါ်နီနီဝင်း(ခ) ဟာဂျီမအိုင်အေရှာဘီ (B.Ed)

**(ကသာ)**

**အထက၊ သက္ကလ(ငြိမ်း)၊ အထက(၁)၊ အထက(၅)မင်္ဂလာဒုံ၊ တပ်မတော်ကလေးများအထက်တန်းကျောင်း ကျောင်းသူဟောင်း ၁၉၇၄ခု ပညာရေးတက္ကသိုလ် ကျောင်းသူဟောင်း**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၁၁၂(ပထမထပ်)နေ [ဗိုလ်ကြီးဘကြည်(ငြိမ်း)-ဒေါ်ခင်ရီ]တို့၏သမီး၊ ဦးဇော်ဝင်း၏ညီမ၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်ကြူကြူဝင်း၊ ဒေါ်မူမူဝင်းတို့၏အစ်မ၊ကသာမြို့၊အမှတ်၂၁၊ ရပ်ကွက်(၆)၊တပ်မတော်လမ်းနေ ဟာဂျီဒေါက်တာသန်းဖေ(မြစ်ကြီးနားဆေးရုံအုပ်ကြီး၊ငြိမ်း)၏ဇနီး၊ ကိုသီဟသန်းဝင်း-မငယ်ငယ်ကို၊ ကိုကျော်စွာဝင်း-မစောစန္ဒာလင်း၊ ကိုနေဝင်းထွန်း-ဒေါက်တာမီမီသန်း၊ ကိုချစ်ဝေဇင်-မမေသန်းထွေးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၄-၆-၂၀၁၂ရက် ည ၁၂း၂၀နာရီတွင် ကသာမြို့နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

# ရခိုင်ပြည်နယ်အတွင်း လက်ရှိရရှိထားပြီးဖြစ်သည့် အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုအခြေအနေများ

## ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ပူးပေါင်းလက်တွဲ ထိန်းသိမ်းဆောင်ရွက်သွားကြပါရန် သက်ဆိုင်ရာကနှိုးဆော်

**နေပြည်တော် ဇွန် ၁၅**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် လတ်တလော ဖြစ်ပွားပေါ်ပေါက်ခဲ့သော အခြေအနေ အရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးကို အမြန်ဆုံး ပြန်လည်ဖော်ဆောင်ပေးနိုင်စေရန်အတွက် ဇွန် ၁၀ ရက်နေ့မှစ၍ အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်၏အကူအညီကိုရယူကာ ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်တို့ပူးပေါင်းပြီး အဘက်ဘက်မှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအခါ ရခိုင်ပြည်နယ်အတွင်း လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုအခြေအနေများ တိုးတက်ကောင်းမွန်လာလျက်ရှိသည့် အပြင် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ဆူပူအကြမ်းဖက်မှုများကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး လတ်တလော ဒုက္ခနှင့်ရင်ဆိုင်နေကြရသည့် ဒေသခံပြည်သူများအတွက်လည်း ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်လက်ခံပြီး လတ်တလော စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးကိစ္စများကို ကူညီပံ့ပိုးစောင့်ရှောက်ပေးလျက်ရှိသည်။ ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဒေသအေးချမ်းတည်ငြိမ်ရေး ပူးပေါင်းဆောင်ရွက်ရမည့် အစီအမံများကိုလည်း စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းလုံးရှိ စေတနာရှင်ပြည်သူများကလည်း ကယ်ဆယ်ရေးစခန်းများရှိ ဒေသခံပြည်သူများအတွက် စေတနာမေတ္တာအပြည့်ဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီလှူဒါန်းမှုများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြသည်။

သို့ပါ၍ ရခိုင်ပြည်နယ်အတွင်း လက်ရှိ ရရှိထားပြီးဖြစ်သည့် အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်သူများ၊ မီဒီယာများအားလုံးက ပူးပေါင်းလက်တွဲ ထိန်းသိမ်းဆောင်ရွက်သွားကြပါရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်တွင်း၌ မော်တော်ယာဉ်ထုတ်လုပ်နိုင်ချိန်တွင် ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများနည်းတူ မော်တော်ယာဉ်သက်တမ်းကို သတ်မှတ်ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၁၅

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်သူများ၏အကျိုးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့ပါသည်။**

**အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

### သတင်းထုတ်ပြန်ချက်

၁။ ယာဉ်အို၊ ယာဉ်ဟောင်းများဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းစီမံချက် စတင်သည့် ၁၉-၉-၂၀၁၁ မှ ၁၄-၆-၂၀၁၂ ရက်နေ့အထိ မှတ်ပုံတင်ဖျက်သိမ်းပြီးယာဉ် ၅၄၉၀၆ စီးတွင် အစားထိုးတင်သွင်းရန် လျှောက်ထားယာဉ် ၄၈၉၁၉ စီး ရှိပါသည်။ ဖျက်သိမ်းယာဉ်များအနက် ပိုင်ရှင်မှ ခေတ္တပြန်သုံးရန် လျှောက်ထား၍ ခွင့်ပြုယာဉ် ၅၉၁၀ စီးနှင့် လာရောက်ဆောင်ရွက်ခြင်းမရှိသောယာဉ်များ ရှိနေပါသည်။ ခေတ္တပြန်သုံးရန် ခွင့်ပြုထားသောယာဉ်များ၊ နှစ် ၂၀ ကျော်အပ်နှံရန် ကျန်ယာဉ်များအား သုံးလအတွင်း အပ်နှံပါက လက်ရှိပေးထားသော အခွင့်အရေးကောင်းရရှိမည်ဖြစ်သော်လည်း နောင်မှ ယာဉ်များအပ်နှံလာပါက လက်ရှိအခွင့်အရေးအတိုင်း ရရှိချင်မှရရှိနိုင်မည် ဖြစ်ပါသည်။ မော်တော်ယာဉ်မူဝါဒအနေဖြင့် နောင်တစ်ချိန် ပြည်တွင်း၌ မော်တော်ယာဉ်ထုတ်လုပ်နိုင်ချိန်တွင် ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများနည်းတူ မော်တော်ယာဉ်သက်တမ်းကို သတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂။ ယာဉ်အို၊ ယာဉ်ဟောင်းများဖြစ်သော မှတ်ပုံတင်သက်တမ်း အနှစ် ၂၀ ကျော်ယာဉ်များအား အပ်နှံ၍ အစားထိုးတင်သွင်းလာသည့်ယာဉ်များအပေါ် ယာဉ်မှတ်ပုံတင်ခအား အပ်နှံသော ယာဉ်ပိုင်ရှင်များအတွက် အောက်ပါအတိုင်း လျှော့ပေါ့ကောက်ခံသွားမည် ဖြစ်ပါသည် -

(က) စီမံချက်ပထမပိုင်း 'ပ' အက္ခရာအထိ အပ်နှံရန် ကျန်ယာဉ်များအား အပ်နှံယာဉ်အပေါ် ကောင်း/ညံ့မခွဲခြားဘဲ ၄၀ ရာခိုင်နှုန်း လျှော့ချကောက်ခံပါမည်။

(ခ) စီမံချက်ဒုတိယပိုင်း 'ဗ' အက္ခရာမှ နှစ်စဉ် အနှစ် ၂၀ ကျော် အပ်နှံယာဉ်များအပေါ် ကောင်း/ညံ့မခွဲခြားဘဲ ၆၀ ရာခိုင်နှုန်း လျှော့ချကောက်ခံပါမည်။

၃။ စီမံချက်တွင်မပါသော အက္ခရာမှ Taxi အဖြစ် အသုံးပြုနေသောယာဉ်များအား ယာဉ်ပိုင်ရှင်၏ ဆန္ဒအရ အပ်နှံဖျက်သိမ်းစေပြီး Taxi ယာဉ်အဖြစ်သာ အသုံးပြုရန်အတွက် တင်သွင်းလာသည့်ယာဉ်များအား **"ကိုယ်ပိုင်ယာဉ်အဖြစ် ပြောင်းလဲခွင့်မပြု"** ကန့်သတ်ချက်ဖြင့် ၈၀ ရာခိုင်နှုန်း လျှော့ချကောက်ခံပါမည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တိုင်းရင်းဘာသာသင်ကြားရေးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

# တိုင်းရင်းဘာသာသင်ခန်းစာများ သင်ကြားပေးနိုင်ခြင်းဖြင့် တိုင်းရင်းဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ခိုင်မာရှင်သန်လာမည်

**နေပြည်တော် ဇွန် ၁၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော တိုင်းရင်းဘာသာသင်ကြားရေးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ လက်ရှိကာလတွင် မြန်မာဘာသာကို ရုံးသုံးဘာသာစကားအဖြစ်လည်းကောင်း၊ အင်္ဂလိပ်ဘာသာကို နိုင်ငံတကာသုံး ဘာသာစကားအဖြစ်လည်းကောင်း သတ်မှတ်ပြီး မြန်မာစာနှင့် အင်္ဂလိပ်စာကို အခြေခံပညာကျောင်းများတွင် သူငယ်တန်းမှ စတင်သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာမူလတန်းအဆင့်တွင် ရုံးသုံးဘာသာစကား(မြန်မာစာ)နှင့် နိုင်ငံတကာသုံးဘာသာစကား(အင်္ဂလိပ်စာ)တို့ကို သူငယ်တန်းမှစ၍ လေ့ကျင့်သင်ကြားပေးလျက်ရှိသဖြင့် တိုင်းရင်းဘာသာကို ကျောင်းချိန်ပြင်ပတွင်သာ သင်ကြားပေးရန် လျာထားပါကြောင်း၊ သင်ခန်းစာနှင့် ဆရာ့လက်စွဲများကို အခြေခံပညာ သင်ရိုး ညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီက ဦးဆောင်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း (သို့မဟုတ်) တိုင်းရင်းစာပေပြန့်ပွားရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်းရေးဆွဲပြုစုမည်ဖြစ်ကြောင်း၊ တိုင်းရင်းဘာသာပြ ဆရာ ဆရာမများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးသည်

*စာမျက်နှာ ၆ ကော်လံ ၁* ○

## ကျပ်တစ်သောင်းတန် ငွေစက္ကူအသစ် ပြည်သူများအကြား စိတ်ဝင်စား

**ခင်ရတနာ - ရေးသားသည်**

*ရန်ကုန် ဇွန် ၁၅*

*ယနေ့ စတင်ထုတ်ဝေလိုက်သည့် ကျပ်တစ်သောင်းတန် ငွေစက္ကူအသစ်များကို လူအများ စိတ်ဝင်စားလျက်ရှိနေကြောင်း သိရှိရသည်။*

*"ဒီနေ့မှစပြီး ထုတ်တာပါ။ ဒီနေ့ဘဏ်တွေမှာ လူတွေအများစုက ကျပ်တစ်သောင်းတန်တွေကိုပဲ ငွေထုတ်ချင်ကြတယ်လေ။ ဘဏ်အများစုကတော့ အဆင်ပြေအောင် လဲလှယ်ပေးနေတာကို တွေ့ခဲ့ရတယ်။ အများကြီး မဟုတ်ပေမယ့် အများစုက ငွေထုတ်တာကို တစ်သောင်းတန် ရလိုကြောင်း ပြောနေကြပါတယ်"ဟု ယုဇနပလာဇာရှိ မွေး/ရေဘဏ်သို့*

*စာမျက်နှာ ၉ ကော်လံ ၁* ❐

## ဆက်လက်ကျဆင်းနေဦးမည့် ဟံသာဝတီကားဈေးကွက်

**သတင်းနှင့်ဓာတ်ပုံ - အဝယ်တော်ဖိုးထော်**

**ရန်ကုန် ဇွန် ၁၅**

"ခေတ်ပြောင်းစနစ်ပြောင်းနဲ့အတူ ဖော်ဆောင်လျက်ရှိတဲ့ ယာဉ်ဟောင်းများမှ ယာဉ်သစ်သို့ ပြောင်းလဲရေးစီမံချက်က ကာလရှည်ကြာစွာ ရောင်းသူများဘက်က အခွင့်သာနေရာမှ ယနေ့ပြောင်းပြန်ဖြစ်သွားပြီ"ဟု ကမာရွတ်



ဟံသာဝတီကားဝိုင်းအတွင်းမှ ကားများကို တွေ့ရစဉ်။

ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းက ဝါရင့်ဝယ်ရောင်းသမားကြီး တစ်ဦးက ပြောခဲ့ပါတယ်။

နောက်တစ်ဦးက "အရင်ကဆို ရောင်းတဲ့သူက 'မာ'တယ်။ ကြိုက်ဈေးကြိုက်ဝယ်ပဲ။ အခုတော့ ဝယ်သူကို 'ချော့' ရောင်းနေရတယ်" ဟု ရှင်းပြပါတယ်။

*စာမျက်နှာ ၉ ကော်လံ ၁* ▲


မြန်မာ့အလင်း
ယနေ့ ပတ်စရာ၊ မှတ်စရာ

ခိုးယူခံခဲ့ရသည့် ပီကာဆို၏ လက်ရာမြောက်ပန်းချီကား အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ပြန်လည်တွေ့ရှိ စာ-၄

ဂျာမနီနှင့် ပေါ်တူဂီအသင်းတို့ ယူအီးအက်ဖ်အေကာ ဒဏ်ရိုက် စာ-၅